# စကားပြောတတ်ဖို့

သုတေသီ
ဘုန်းမြင့်သွေး



စာမူခွင့်ပြုချက်အမှတ် ● ၅၅၈ / ၂၀၀၄ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ● ၆၅၇ / ၂၀၀၄ (၈)
ပထမအကြိမ် ● ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ● ၁၀၀၀
အဖုံးပန်းချီ ● ရွှေစိုးဟန်
ကွန်ပျူတာစာစီ ● Dream City

**ထုတ်ဝေသူ**
ဦးခင်မောင်ဦး (မြ-၀၄၀၇၃)
၄၇၃ (က)၊ နီလာ (၆)လမ်း၊ (ဂ) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**
ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး ● ၆၅၀**

# မာတိကာ


- အမှာစာ
- ကောင်းသောစကား ၁
- မကောင်းသောစကား ၄
- ကောင်းတဲ့စကားအင်္ဂါ(၃) မျိုး ၇
- ငွေကြေးက လုပ်မပေးနိုင်တဲ့ကိစ္စတွေ ၃၉
- မီးနှင့်တူသောစကား ၄၀
- အစည်းအဝေးမှာ စကားပြောတဲ့အခါ ၇၂
- နှုတ်မှနှုတ်ရာပြောစကား၊ ဆိုစကား သဘောတရား ၇၆
- စကား ...စကား ...စကား ၉၄
- ကချင်စကား၊ စကားပုံနှုတ်မှနှုတ်ရာ ၁၀၃
- ထေလုဗာလုဗာ၏စကားနှင့် ပတ်သက်သော ၁၁၂
- နှုတ်ကမပြောခင် စိတ်ကပြောတယ် ၁၁၇
- စိတ်နှင့် စကား ၁၂၂
- ကျမ်းကိုး ၁၂၈

# အမှာစကား

* နေ့တိုင်းစား၍ မဝင်သည်က အစား။

* နေ့တိုင်းပြော၍ မတတ်သည်က စကား။

စကားကို မီးလို သုံးလို့ရ၊ စကားကို ရေလိုလည်းပဲ သုံးစွဲလို့ရ။ စကားက မီးလိုလည်း ပူနိုင်။ စကားက ရေလိုလည်း အေးမြနိုင်။

လူကို ချစ်အောင်လုပ်နိုင်တာကစကား။ လူကို မုန်းအောင်၊ နောက်ဆုံး သတ်ပစ်ချင်လောက်အောင် လုပ်တာလည်း စကား။

လူရဲ့နှုတ်လျှာငယ်ကလေးက ကုသိုလ်ရကြောင်းလည်း ပြောလို့ရ၊ အကုသိုလ်ဖြစ်ကြောင်းလည်း ဖန်တီးလို့ရ။

* စကားနဲ့ ငရဲကိုလည်း အရောက်ပို့နိုင်တယ်။

* စကားနဲ့ ဘဝသံသရာမှာ ဝဋ်ကြွေးလည်း ခံရပြန်တယ်။ ဘုရားအလောင်းတော်သော်မှ စကားဝဋ်ကြွေးမလွတ်။

စကားနဲ့ စီးပွားရေးလည်း ပြောလို့ရ၊ သမီးရည်းစားအရေးလည်း ပြောလို့ရပြန်တယ်။ ကိုယ့်စကားနဲ့ကိုယ်ပူတာကို လူတကာ သိတယ်။

(၁)

မေတ္တာစကား၊ သစ္စာစကား၊ ကရုဏာစကား၊ ပြီးတော့ ဖရုသဝါစာစကား၊ သမ္ဖပ္ပလာပစကား၊ မုသာဝါဒစကား။

တရားစကား၊ အမှားစကား၊ အလင်္ကာစကား။

လောကကြီးထဲ၊ လောကီထုတ်ပတ်၊ လူတို့ဇာတ်မှာ လူအမျိုးမျိုး စိတ်အထွေထွေရှိတော့ နှုတ်ကထွက်တဲ့ စကားတွေလည်း အမျိုးမျိုးရှိတာပေါ့။

* လူတွေမှာ စရိုက်အမျိုးမျိုး ရှိကြတယ်။ ချွတ်ယွင်းတဲ့၊ မကောင်းတဲ့ မုသားစကားပြောသူတွေ အရေအတွက်မှာလည်း နည်း တာမဟုတ်ဘူး။ လောကလူတွေထဲမှာ မုသားစကားကလည်း တွင်တွင်ကျယ်ကျယ် ရှိနေပါတယ်။

* လူကို သဘာဝက ကြည့်ရန် မျက်လုံးနှစ်ပေါက်၊ နားထောင်ရန် နားနှစ်ပေါက်၊ စကားပြောရန်တော့ ပါးစပ်တစ်ပေါက်ထဲ ဖန်ဆင်းပေးထားတာ၊ မုသားပြောမှာ စိုးလို့ပါ။ လူသားတွေ မုသားပြောကြရင် အားလုံးပျက်စီးသွားနိုင်ပါတယ်။

(၂)

* နားခါးတဲ့စကား…

နားချိုတဲ့စကား…

ဉာဏ်ပါသောစကား၊ ကြာကြာခံသော စကားဆိုတာ ပြော တတ်ဖို့ အလွန်ခက်ပါတယ်။ လွယ်မယောင်နဲ့ ခက်တယ်။ တိမ်မယောင် နက်တယ်။

(၃)

ဒေသ၊ ကာလနဲ့ သင့်မသင့်ပြောတတ်တဲ့ စကားရှင်တစ်ယောက်ဖြစ်ဖို့ရာ အလွန်ကြိုးစားမှရတယ်လို့ ဆိုတယ်။ ဒေသ၊ ကာလ သင့်မသင့်ကို ဉာဏ်က မဝေခွဲနိုင်တော့ ဘယ်လိုပြောရမယ် မသိကြဘူး။ ဉာဏ်ပါသော တကယ့်စကားဟာ တကယ်ကို မလွယ်ပါဘူး။

ပညာရှိတွေ၊ သူတော်ကောင်းတွေထံ တပည့်ခံ၊ သိအောင်၊ တတ်အောင် ကြိုးစားပါမှ ကိုယ်လည်း တကယ့်စကားပြောတတ်မယ်။

သူတော်ကောင်းတွေနဲ့ နီးမှ၊ နေမှ သူတော်ကောင်းစကားကြားရမယ်။ ကိုယ့်နားဝင်၊ အသိဝင်လာမယ်။ စာကောင်းတွေဖတ်တော့ ကိုယ်လည်း တတ်လာမယ်။ ဖတ်လို့ တတ်လာတာနဲ့ အမှု မြတ်တာပဲ။

လူယုတ်လူမိုက်၊ တစ်ကိုယ်ကောင်းသမားနဲ့ ပေါင်းရင်၊ လူယုတ်၊ လူမိုက်၊ တစ်ကိုယ်ကောင်းသမား စကားပဲ ကြားမှာပဲ။

အနိုင်းမဲ့သော ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ သြဝါဒစကားတွေ သိရှိနားလည်ခံယူကျင့်ကြံတဲ့သူမှန်သမျှဟာ ဒုက္ခမရောက်ဘူး။

သစ္စာစကားမှန်တဲ့အခါ နွယ်မြက်သစ်ပင်တောင်မှ ဆေးဘက်ဝင်သတဲ့။

သူတော်ကောင်းမှန်ရင် မှန်သောစကားသာ ဆိုတတ်တယ်။ သူတော်စင်မှန်သမျှ စကားဖြူစင်တယ်။ ရင်ထဲက မေတ္တာ ဖြူစင်တော့ စကားကလည်း ဖြူစင်တယ်။

(ဃ)

စကားတန်ဖိုး ဘယ်၍ဘယ်မျှ ပြီးသလဲဆိုတော့...

မိမိရဲ့ ဆန္ဒအတိုင်း၊ သူများက လိုက်လျောဖို့ဆိုရာမှာ (စတင်အသုံးပြုရတာ၊ စကားပဲ ဖြစ်တယ်။)

စကားနဲ့ စတင်ရတယ်။

လောကမှာ ပြောပြမှ သိတာ။

ပြောတတ်မှ သဘောပေါက်မှာ။ ပြောတတ်မှသာ မနော ကနေ သဘောပါလာတာ။

အလုပ်ဆိုတာ မရှုပ်ဘူး။ လုပ်စရာရှိတာ လုပ်ရင် ရှင်းပါတယ်။ ပြီးပါတယ်။

လောကမှာ၊ လူတွေထဲမှာ အလုပ်က မရှုပ်ဘဲ စကားတွေက ရှုပ်တယ်။

(၃)

လူ့ဘဝမှာ စကားတွေ အများကြီးပြောရတယ်။ မသေမချင်းပြောကြရတာပဲ။

မှန်သော၊ ကောင်းသော စကားတွေ ပြောပြီး ကောင်းတဲ့ မှန်တဲ့ ဘဝရနေသူတွေ ရှိသလို...။

မမှန်သော၊ မကောင်းသော စကားတွေ ပြောပြီး မကောင်းတဲ့ဘဝ၊ မမှန်တဲ့ဘဝရနေသူတွေလည်း ရှိတယ်။

ကိုယ့်စကားက၊ ကိုယ့်ပြန်သတ်တဲ့ ဇာတ်တွေ၊ သမိုင်း အဆက်ဆက်ရှိခဲ့တယ်။

(င)

* တေသကုဏဇာတ်ပါဠိအဋ္ဌကထာမှာ...

ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းကြောင့် မြွေကဲ့သို့ လျှာနှစ်ခွ ရှိတတ်တယ်။ ငါးကဲ့သို့ လျှာသော်လည်းမရှိ။ အဆွံ့ အအဖြစ်တတ်သည်။ ချွတ်ယွင်းသော စကားကို ပြောဆိုသောသူ အားသားယောကျ်ားမရ။ သားမိန်းမကိုသာ ရတတ်သည် ဟူ၍ ဆိုပါသည်။

(၄)

လူမှာ ပထမဦးဆုံးဖြစ်သင့်သော ဂုဏ်ပုဒ်မှာ မိမိနှုတ်ကို စောင့်စည်းမှုဖြစ်တယ်။

ဆင်ခြင်မှုဆိုတာကို ကိုယ်အမှုသာမက၊ စိတ်အမှု နှုတ်အမှု လည်း ပြုမယ်။ 'ဝစီဘေဒ ထိတိုင်းရှ'တယ်။

လူတစ်ယောက်ရဲ့ အရည်အသွေးကို သိချင်ရင်၊ သူ့ရဲ့နှုတ် က စကားနဲ့ သိသာပါတယ်။

လူတစ်ဦးမှာ ဘယ်လိုအရည်အသွေးကောင်းရှိရှိ၊ စကား ကောင်းကောင်းမပြောတတ်ရင်၊ စကားရဲ့လျှို့ဝှက်ချက်ကို မသိရင် စကားကို အသုံးမချတတ်ရင်၊ လောကအသိုင်းအဝိုင်းမှာ အောင်မြင်ဖို့ ခဲယဉ်းတယ်။

- စကားလုံးတွေမှာ သတ္တိရှိတယ်။
- စကားလုံးတွေမှာ တန်ဖိုးရှိတယ်။
- စကားလုံးတွေကနေ လူ့ဘဝပြဿနာတွေ ဖြေရှင်း တယ်။

– စကားလုံးဟာ တစ်လုံးချင်းတောင် သတိပြုရတယ်။

– စကားတွေနဲ့ လူ့လောကကို အကျိုးဆောင်လို့ရတယ်။

– စကားမှားရာမှာ ပြောသမျှ မှားတာ ဒေါသစကား။

စကားနဲ့ လူတစ်ဦးနဲ့တစ်ဦး ကူညီနိုင်သလို စကားနဲ့ပဲ ဖျက်ဆီးပစ်နိုင်တယ်။

ကိုယ့်နှုတ်က စကားလည်း မှားတဲ့အခါ၊ မှားတတ်တာကို သတိပြုပါ။ မှားရင်ပြင်ပါ။ လူဟာ မှားတတ်တယ်။

မေ့ခြင်းနဲ့ မှားခြင်းကို ဘုရားရှင်ကလွဲလို့ ဘယ်သူမှ မတတ်နိုင်ပါဘူး။ မေ့ကြ မှားကြတာပဲ။

ကိုယ်ချင်းစာနာစိတ်နဲ့ ပြောတဲ့စကားဟာ စူးရှထက်မြက် တန်ဖိုး ရှိပါတယ်။ ကိုယ်ချင်းစာနာစိတ်ကင်းရင် စကားကောင်းလည်း မထွက်တော့ဘူး။

စကားဟာ ငွေပေးရတဲ့ အရာမဟုတ်ဘူး။ မြေကြီးမှာလည်း မစိုက်ပျိုးရဘူး။ သေတ္တာထဲလည်း သိမ်းမထားရဘူး။ ငွေကုန် ကြေးကျမခံရဘဲ အသုံးပြုရတဲ့ အဖိုးတန်ပစ္စည်းပါ။

စကားဟာ၊ အသုံးပြုတတ်ရင် တတ်သလောက် လိုတရ လက်နက်ပဲ။ လှည့်ပတ်တိုက်ခိုက်နိုင်တဲ့ စကြာပဲ။

စကားဟာ ဈေးအပေါဆုံးလက်နက်ဖြစ်လို့ လူတိုင်းပိုင်ဆိုင်သော လက်နက်ဖြစ်တယ်။

စကားသာ ပြောတတ်ပြီး စကားစွမ်းအားကို မဖော်တတ်ရင် ပါးစပ်ရှိရကျိုးနပ်မှာ မဟုတ်ဘဲ အရှုံးသာရှိမယ်။



စကားရဲ့ လျှို့ဝှက်ချက်တွေဟာ ကျယ်ဝန်းတယ်၊ နက်ရှိုင်းတယ်။ ခံ့ညားတယ်။ နှုတ်မှ နှုတ်ရာတွေဟာ လူတစ်ဦးအတွက် သိပ်ကို အရေးပါတယ်။ လူတွေရဲ့ ဘဝကို စကားနဲ့လည်း ဖွဲ့စည်းထားတယ်။ စကားဟာ လောကကို စိုးမိုးတယ်။

ဖားအောက် တောရဆရာတော်ဘုရားကြီးက သည်လိုမိန့်တယ်။ 'ဒကာကြီးတွေ၊ ဒကာမကြီးတွေရဲ့ ပါးစပ်ထဲမှာ ဓားမ တစ်လက် မပါဘူးလား။ ပါပါတယ်။ ဒီဓားမက အသုံးမချတတ်ရင်တော့ ဒီဓားမက ဘာဖြစ်တတ်သလဲ၊ မိမိကိုယ်မိမိ ပိုင်းဖြတ်သွားတတ်တယ်။

စာရေးသူဟာ စကားနဲ့ ပတ်သက်လို့ စကားအကြောင်းအရာပါ စာအုပ်(၄)အုပ်ရေးသား ပြုစုပြီးခဲ့ပါတယ်။

၁။ စကားကောင်း စကားမွန် (ယမုံနာစာပေ)
– ၁၉၉၀၊ စက်တင်ဘာ

၂။ စကားပြောတတ်မှ လောကနှင့် အဆင်ပြေ
(အားမာန်သစ် စာပေ)
– ၁၉၉၄၊ မတ်လ

၃။ လူ့ဘဝအတွက် လိုအပ်သော လူ့စကား
(တင်မော်ဓာတုစာပေ)
– ၂၀၀၂၊ ဖေဖော်ဝါရီ

၄။ နေ့တိုင်းပြော၍ မတတ်သော စကား (စေတနာစာပေ)

၅။ (ယခု)

(စ)

## သင့်ဘဝအတွက် နှုတ်မှုနှုတ်ရာ လျှို့ဝှက်ချက် သဘောတရား

* ဤစာအုပ်အတွက် စာဖတ်သူအား အသိပေးလိုအပ်ချက်လေးတစ်ခုကတော့ စာပိုဒ်တစ်ပိုဒ်ဖတ်ပြီးတိုင်း နားလည်တာ၊ နားလည်ပြီး နားမရှင်း၊ သဘောမရှင်းသလိုဖြစ်တဲ့ အပိုဒ်ကိုစဉ်းစားပြီး ထပ်မံ၍ ထိုအပိုဒ်ကို ဖတ်စေချင်တာပဲ ဖြစ်ပါတယ်။ နှုတ်မှုနှုတ်ရာ လျှို့ဝှက်သဘောတွေ ရှိနေလို့ပါ။ စဉ်းစားလိုက်၊ ဆက်ဖတ်လိုက် လုပ်ကြည့်ပါ။ ဖြည်းဖြည်းဖတ်ပါ။

ဤစာအုပ်ကလေးကလည်း စာမျက်နှာတစ်ရာကျော်သာလျှင် ရှိပေမဲ့ အနှစ်တွေသာ စုစည်းထားတာမို့ 'ရေးသူတစ်နှစ် ဖတ်သူတစ်ရက်' ဖြစ်ချင်ဖြစ်နေပေမယ့် ဘဝမှာ နှုတ်မှုနှုတ်ရာကို ကောင်းမွန်စွာ အသုံးချပြီး စကားပြောတတ်ကြပါစေဆိုသော စေတနာများစွာဖြင့်...

စာဖတ်သူလူငယ်မောင်မယ်တို့အပေါ်
စေတနာများစွာဖြင့်
ကိုယ်ကျန်းမာကြ၊ စိတ်ချမ်းသာကြပါစေ။
**သုတေသီ ဘုန်းမြင့်သွေး**

## ကောင်းသောစကား

* ကောင်းသောစကားဟာ၊ မသိသူကို သိရှိနားလည်လာအောင် သေသေချာချာ၊ စေတနာနဲ့ ပြောပြတဲ့ စကားဖြစ်တယ်။

* ကောင်းသောစကားဟာ မှန်ကန်သောစကားကို နားဝင်အောင်ပြောတဲ့ စကား ဖြစ်တယ်။

* ကောင်းသောစကားဟာ စိတ်သောကရောက် ပူပန်ဗျာပါဒများနေသူကို စိတ်ငြိမ်သက်သာ အေးချမ်းမှုရှိအောင် တရားချ၍ ပြောသောစကား ဖြစ်တယ်။

* ကောင်းသောစကားဟာ ကိုယ်ယုံကြည်နားလည်ခံယူထားတဲ့အတိုင်း ပြောတဲ့စကား ဖြစ်တယ်။

* ကောင်းတဲ့စကားဟာ သူတစ်ပါး၊ မိတ်ဆွေအပေါင်းအသင်းများတော့မှာကို၊ မှားတော့မယ့်ဆဲဆဲ၊ မသွားမိ၊ မလာမိ၊ မပြုမိဖို့၊ ကိုယ့်ကို မုန်းရင်မုန်းပါစေ၊ အမုန်းခံကာ ပြောတဲ့စကား။

* ကောင်းသောစကားဟာ ဒေါသူပုန်ထ၊ ခံက်ထန်ကြမ်းကြုတ်နေသူကို နူးညံ့သိမ်မွေ့အောင် ဖျောင်းဖျပြောတဲ့စကားမျိုး ဖြစ်တယ်။ (တစ်နည်းဆိုတော့ မေတ္တာ၊ စေတနာစကား)

* ကောင်းသောစကားဟာ မနှေးလည်းမနှေး၊ မမြန်လည်း မမြန်၊ ထိထိမိမိ၊ တိတိပပ၊ ခပ်မှန်မှန်လေးပြောတဲ့ စကားမျိုး ဖြစ်တယ်။

* ကောင်းသောစကားဟာ၊ ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့၊ ချိုချိုသာသာ၊ ဝေါဟာရတွေနှင့် ပြောသောစကားမျိုး ဖြစ်တယ်။

* ကောင်းသောစကားဟာ သပွတ်အူလို ရှုပ်ထွေးနေသောစကားကို ရှင်းရှင်းလင်းလင်း၊ ကွက်ကွက်ကွင်းကွင်း သိလွယ်အောင်ပြောတဲ့ စကားဖြစ်တယ်။

* ကောင်းသောစကားဟာ အသံလှိုင်း၊ အသံထွက်၊ ချိန်ချိန်ဆဆ၊ သာယာနာပျော်ဖွယ်ရှိအောင် ပြောတဲ့စကား ဖြစ်တယ်။

* ကောင်းသောစကားဟာ တရားသဘောရှိအတိုင်း ဓမ္မဓိဋ္ဌာန်ကျကျပြောတဲ့ စကားဖြစ်တယ်။



* ကောင်းသောစကားဟာ မိမိအကျိုးစီးပွားတွေကို မငဲ့ဘဲ တစ်ဖက်သားကောင်းစေလိုတဲ့ တစ်ဖက်သားအကျိုးကို ရည်ရွယ်ပြောတဲ့စကား ဖြစ်တယ်။ (တစ်နည်းခေါ်ရရင် သူတော်ကောင်းစကား ဖြစ်တယ်။)

## မကောင်းသောစကား

* မကောင်းသောစကားဟာ ချောပစ်ကုန်းတိုက်၊ ရန်တိုက်ပေးတဲ့ စကားဖြစ်တယ်။
* မကောင်းသောစကားဟာ ဒေါသရှေ့ထားပြောစကား၊ ပြောသမျှမှားတဲ့ ဒေါသစကား ဖြစ်တယ်။
* မကောင်းသောစကားဟာ သူတစ်ပါးပူပန်၊ သောက၊ ဗျာပါရ၊ ရောက်စေရန်၊ ချောက်လှန့်သောစကား။
* မကောင်းသောစကားဟာ အငြင်းအခုံဝိဝါဒစကား ဖြစ်တယ်။
* မကောင်းသောစကားဟာ မိုက်မိုက်မဲမဲ၊ တွေတွေဝေဝေပြောတဲ့ စကားဖြစ်တယ်။
* မကောင်းသောစကားဟာ အကျိုးမရှိ၊ အနှစ်မရှိ၊ ယုတ္တိကင်းပြီး စွဲလမ်းမှုနဲ့ ပြောတဲ့စကားဖြစ်တယ်။



* မကောင်းသောစကားဟာ နားမလည်ဘဲ နားလည်ဟန်ဆောင်ပြောတဲ့ စကားဖြစ်တယ်။
* မကောင်းသောစကားဟာ ကိုယ့်ကိုယ်ကို အကောင်းပြော၊ သူများကို နှိမ်ချတဲ့စကား ဖြစ်တယ်။
* မကောင်းသောစကားဟာ မိမိအပေါ် ကျေးဇူးရှိသည်ကို ကျေးဇူးမရှိလို့ ကျေးဇူးကန်းပြောတဲ့စကား။
* မကောင်းသောစကားဟာ မဟုတ်တာကိုအဟုတ် မရှိတာကို အရှိလုပ်ပြီး ပြောတဲ့စကား ဖြစ်တယ်။
* မကောင်းသောစကားဟာ ကိုယ့်ထက် အသက်ဂုဏ်ဝါသိက္ခာကြီးမြတ်သူကို မရိုမသေပြောတာ စော်ကားတဲ့စကားဖြစ်တယ်။
* မကောင်းသောစကားဟာ ကိုယ်မလိုက်လျောနိုင်တာကို လိုက်လျောနိုင်ပါတယ်လို့ ညာပြောတဲ့စကား ဖြစ်တယ်။
* မကောင်းသောစကားဟာ ရိုးရိုးဖြောင့်ဖြောင့် လုပ်ကိုင်နေသူကို၊ မရိုးမဖြောင့်ဖြစ်လာအောင် ပြောတဲ့စကားဖြစ်တယ်။
* မကောင်းသောစကားဟာ ကိုယ့်ထက် သိရှိနားလည်တဲ့လူတွေ ရှေ့မှာ မှားယွင်းချွတ်ချော်ပြောတဲ့ စကားဖြစ်တယ်၊

* မကောင်းသောစကားဟာ ဒုစရိုက် (၁၀)ပါးကို လုပ်ကောင်းတယ်လို့ ပြောတဲ့စကား ဖြစ်တယ်။
* မကောင်းသောစကားဟာ အမှတ်တမဲ့ယောင်ယမ်းဆဲမိတဲ့စကားဖြစ်တယ်။
* မကောင်းသောစကားဟာ မိမိအကျိုးကိစ္စရှေးရှုပြီး သူတစ်ပါးအကျိုးကိစ္စကို ဥပေက္ခာပြုပြောတဲ့စကား ဖြစ်တယ်။
* မကောင်းသောစကားဟာ အနန္တ ငါးပါးကို ထိပါး ပြစ်မှားပြောတဲ့စကား ဖြစ်တယ်။
* မကောင်းသောစကားဟာ ဘုရားဟော မဟုတ်တာကို ဟုတ်တယ်လို့ ပြောတဲ့စကားဖြစ်တယ်။

## ကောင်းတဲ့စကားအင်္ဂါ (၃) မျိုး

* ဒေါသထွက်တဲ့အခါတိုင်း မိမိကိုယ်ကို သတိထားပြောပါ။ (ဂန္ဓာမငြိမ်မဖြစ်မိစေနဲ့၊ မလောစေနဲ့၊ အိုးနှင်းခွက်နင်း၊ အလွဲလွဲ အချော်ချော်ဖြစ်လိမ့်မယ်။ သင့်ဒေါသကို ပိုဆွပြီး တစ်ဖက်က အချက်ကျကျပြောလိမ့်မယ်။ အသံကို ပုံမှန်ထား။ သတိမလွှတ်ဘဲ ဘာမှမဖြစ်သလိုပြော၊ စိတ်မော၊ နှုတ်မောမဖြစ်စေနဲ့။ ဒေါသကို ပုံမှန်ပြောတော့ တစ်ဖက်သားက ပုံမှန်ကို လန့်ဖျတ်သွားလိမ့်မယ်။)
* တစ်ခါတစ်ရံ၊ ပြဿနာတစ်ခုခုအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများရရန် ကျွမ်းကျင်သူထံ ပြောပြပြီး အကြံယူနိုင်ပါတယ်။
* အမြဲတစေ သိမ်မွေ့ညင်သာသော ကိုယ်နှုတ်အမူအရာရှိဖို့လိုတယ်။ တစ်ဖက်သားမှာ မှားယွင်းနေတယ်လို့ သင်ဘယ်

လိုပဲယူဆထား၊ သူငြင်းခုံပါစေ၊ ပြောပါစေ၊ သူ့ဘက်က လည်း ငြင်းခုံပြောဖို့ အခွင့်အရေးများရှိပါတယ်။

❋ လောကမှာ နှုတ်မှုနှုတ်ရာဟာ အရေးအကြီးတကာ့ အရေးအကြီးဆုံးဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နှုတ်မှုနှုတ်ရာ၊ စကားတွေဟာ လောကကို စိုးမိုးနေလို့ ဖြစ်တယ်။

❋ တစ်ဦးနဲ့တစ်ဦးစကား မပြောနိုင်တော့ရင် လူတွေ စကားမပြောတတ်ကြတော့ရင် လောကဟာ နေ့ချင်း၊ ညချင်း ပြောင်းလဲပျက်စီးသွားတော့မှာ ဖြစ်တယ်။

❋ စကားတွေနဲ့ ဆက်သွယ်ခွင့်၊ ဆွေးနွေးခွင့်၊ တိုက်ခိုက်ခွင့်၊ ဘောင်းပန်ခွင့်ရနေကြလို့ လောကကြီးရှေ့သို့၊ ရှေ့သို့ဆက်လက်သွားနေခြင်း ဖြစ်တယ်။

❋ လူသေရဲ့ပါးစပ်ဟာ ဘာစကားပြောနိုင်လဲ၊ စကားမပြောနိုင်တော့ရင် လောကနဲ့ အဆက်ပြတ်တာပဲ။

❋ ဆိတ်ဆိတ်နေ ထောင်တန်လို့ ပြောဆိုတင်စားဂုဏ်ပြုထားသလို မပြောမပြီး မတီးမမြည်ဆိုတာက ရှိနေပြန်တယ်။

❋ လိုအပ်သလောက်၊ လိုအပ်သလို၊ အပိုအလိုမရှိ၊ ချင့်ချင့်ချိန်ချိန်ပြောတတ်ဖို့ဆိုတာ ပညာရပ်ပိုင်းဆိုင်ရာသာမက အတွေ့အကြုံနဲ့ စကားပြောစွမ်းရည် အရည်အချင်းပါလိုတယ်။



❋ အပိုအလိုမရှိ၊ တိတိပပ၊ ချင့်ချင့်ချိန်ချိန်ပြောတတ်ရန် အရေးကြီးသလို နှုတ်ကပြောမိရန်လည်း သတိရှိရမှာ ဖြစ်တယ်။

❋ စကားကြွယ်ဝတိုင်း၊ စကားတတ်တိုင်း၊ လိုတာထက်ပိုပြောပေရှည်လျှားပြီး သွယ်ဝိုက်ပြောတတ်ပြန်ရင်လည်း လိုရာမရောက်ဘဲ ဖြစ်တတ်တယ်။ ကိုယ်ပြောချင်၊ ဆိုလိုချင်တာ ကိစ္စမပြီး၊ အကျိုးမရှိ ဖြစ်နိုင်တယ်။

❋ အလုပ်ဟာ လုပ်ရင်မရှုပ်ပါဘူး။ လုပ်စရာရှိတာ၊ သင့်သင့်မှန်မှန် လုပ်သွားရင် အလုပ်ဆိုတာ ပြီးတာပါပဲ။ လုပ်ရင်ပြီးတာပဲ။ အလုပ်က မရှုပ်ဘူး။ ရှုပ်တာကတော့ နှုတ်ကလွယ်လွယ်ထွက်လို့ရတဲ့ စကား။ အလုပ်က မရှုပ်ဘူး။ စကားဟာ ရှုပ်တတ်တယ်။ သတိထားပြော။

❋ လူဆိုတာ တစ်ယောက်တည်းနေတာမဟုတ်ဘူး။ စကားပြောရမှ နေတတ်တာ ဖြစ်တယ်။ တစ်နေ့လုံး၊ တစ်လလုံး၊ တစ်နှစ်လုံး သင် စကားမပြောဘဲ နေနိုင်အောင် နေကြည့်ပါလား။ စိတ်မနောက်သွားဘူးဆိုရင်တော့ သင်ဟာ ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်ပါတယ်။

❋ လူဆိုတာ စကားပြောမှ မိမိရဲ့ အလိုဆန္ဒရော တစ်ပါးသူရဲ့ အလိုဆန္ဒပါ ပြည့်စုံမယ်။ မပြောသမျှ ဘာမှမပြည့်စုံဘူး။ မပြောလို့မသိ၊ မသိတော့ ဘာလုပ်လို့ရမှာလဲ။

* မပြောမဆို ခပ်တည်တည်ကြီးနေရင် အနီးမှာရှိတဲ့ အခြားသူဟာ အနေရ၊ အထိုင်ရ၊ ကသိကအောက်ဖြစ်တယ်။ ရေငုံနှုတ်ပိတ်နေလွန်းတာနဲ့အမျှ အဆင်မပြေတော့ဘူး။

* အကျိုးရှိတဲ့စကားလည်း ချဲ့ကားမပြောနဲ့၊ သိပ်ပြီး ပုံကြီးမချဲ့နဲ့၊ လူတွေ မကြိုက်တတ်ဘူး။ ဘာမဆို များလွန်းရင် ပေါ့သွားတတ်တယ်။ (ပေါ) လည်း (ပေါတောတော)ဖြစ်တတ်တယ်။

* အဆင့်အတန်းမရှိတဲ့လူ၊ ပညာမဲ့တဲ့လူဟာ ကဲ့ရဲ့တတ်တယ်၊ ကဲ့ရဲ့ပြောရတာကို မြိန်ရည်ရှက်ရည်ရှိတယ်။ ကဲ့ကိုကဲ့ရဲ့ချင်ကြတယ်။

* အဆင့်အတန်းရှိတဲ့သူ၊ ဉာဏ်ပညာရှိတဲ့လူဟာ မပြောခင်စဉ်းစားထားတယ်။ ပြောရင်လည်း ပညာနဲ့ ဆွဲဆောင်နိုင်တယ်။

* စကားကလည်း မာတ်မကူးစေနဲ့၊ ညစ်ညမ်းတဲ့ ကိလေသာစကားပြောတတ်တဲ့လူ၊ ဆဲရေးတိုင်းထွာပြောတတ်တဲ့လူနဲ့နီးစပ်နေရင် မလွဲသာလို့ ပေါင်းဆုံနေရရင် သူတို့လို နှုတ်ထွက် မာတ်မကူးစေနဲ့။

* စာပေတတ်ရုံမလုပ်နဲ့၊ စကားပါတတ်အောင်လုပ် အချို့က စာပေတတ်တယ်၊ စကားမတတ်ဘူး။ အဲသည်တော့ အောင်မြင်မှု အားမရဘူး။



* ကျောက်ဆင်းတုခေါင်းညိတ်အောင် စကားပြောတတ်အောင်ကြိုးစားပါလို့၊ ပညာရှိတစ်ဦးက ပြောဆိုဖူးတယ်။

* ကျောက်ဆင်းထု ခေါင်းညိတ်အောင်ပြောနိုင်တယ်ဆိုတာ ဓမ္မတရားတော်တွေကို ထင်းထင်းလင်းလင်း၊ နားဝင်အောင် လိမ္မာလာအောင် ပြောနိုင်တာကို ဆိုလိုတယ်။

* ရိုးသားယုံကြည်မှုရှိပြီး သိတာပဲပြော၊ မသိတာကို ဝင်ပြီး မဖြီးဖြန်းချင်နဲ့ တကယ်မေးတော့ လူပုံအလယ် အရှက်ကွဲရော၊ ကွဲတတ်တယ်။ စကားပြောရာမှာ စေ့စပ်သေချာမှု ရှိဖို့ဟာ (တစ်) အချက် အရေးအကြီးဆုံးပဲ၊ စေ့စပ်သေချာမှု မရှိတဲ့ စကားက အလကားစကားပဲ။

* လူတိုင်းက မလွှဲမသွေစကားပြောရတယ်။ အဲသည်လိုစကားပြောရာမှာ စကားပြောကောင်းတဲ့ လူရှိသလို၊ စကားပြောညံ့တဲ့လူလည်း ရှိတာအမှန်ပဲ။

* အချို့စကားပြောတာ “လောကွတ်” တွေသိပ်များတယ်။ အဲဒါကြားရတာ အလွန်မြင်ပြင်းကပ်တယ်။ ကျေးဇူးမတင်တဲ့ အပြင် မုန်းစိတ်တောင်ဝင်တယ်။ မကြားချင်ဘူး။

* လူဖြောင့်မချို၊ လူချိုမဖြောင့်တဲ့။ အချို့က တဲ့တိုးကြီး၊ ပီသသာလေးနဲ့ ပစ်လိုက်တဲ့အတိုင်းပြောတယ်။ ပီသသာလေးနဲ့

ပစ်တာနာသလို၊ နားထောင်ရတာ မသက်သာဘူး။ ဒါပေမဲ့ စကားကတော့ ဟုတ်မှန်တဲ့ စကားပဲ။ လူချိုမဖြောင့်ဆိုတာကတော့ အတော်ယုတ်တဲ့လူပါ။ စကားကိုချိုပြီး မနောကြတော့ မလိုတ မာရှိနေတော့တယ်။ သကာလူးပြီး အဆိပ်ကျွေးတာပေါ့။

* သူများကို ဝေဖန်စကားအပြောများတဲ့လူဟာ သူ့ကို ဝေဖန်စကားပြောမယ့် လူက နှစ်ဆရှိတတ်ပါတယ်။ သူများအပြစ်ထပ်တလဲလဲပြောနေရင် ကိုယ့်အမှားကိုယ်ပြောဖို့ ကိစ္စမေ့နေတတ်တယ်။

* စကားပြောညံ့တဲ့လူဟာ ပြောချင်တာပေါ်အောင် ထိအောင် မပြောနိုင်ဘူး။ ဝေ့လည်ကြောင်ပတ်၊ စကားထပ်နေတတ်တယ်။ လျှောက်ပြောတာက ရှုပ်ရှုပ်ထွေးထွေး ပြောတတ်တယ်။

* အသောအရှင်နဲ့ သရုပ်ထင်အောင်ပြောတတ်တာ၊ ဖြစ်ရပ်စုံစုံ၊ သက်သေပုံပြင် တင်ပြတာ၊ ပြတ်သားပီသတာ နှုတ်ချိုလျှင်တာတွေဟာ စကားပြောကောင်းတာပဲ။

* စကားပြောမကောင်းရင် ပြောရတာ ပြောမောကြီးဖြစ်တတ်ပါတယ်။ ပြောပြီး ဘာမှအကျိုးမဖြစ်လာဘူး။ လူအချို့ဟာ စကားပြောမတတ်လို့ကို ရသင့်ရထိုက်တာမရကြဘူး။



* အပြောနဲ့ အဟောက တူသလား၊ အဟောနဲ့အပြောဟာ သိသိသာသာ ထင်ထင်ရှားရှား ကွဲပြားတာလည်းရှိတယ်။ ဆင်တူတာလည်း ရှိတယ်။ အပြောနဲ့ အဟောမတူတာကို ခွဲခြားပြောရန်က ခက်တယ်။ ဘာကြောင့်လဲဆိုတော့ ဆက်စပ်နေလို့ ဖြစ်တယ်။ စကားပြောကောင်းတဲ့ လူဖြစ်လာရင် တရားဟောကောင်းတဲ့ လူဖြစ်လာမှာ အမှန်ပဲ။

* မစားရ ဝခမန်း ရွှန်းရွှန်းဝေအောင်ပြောတာ လောကွတ်ပြောတာ မုသားစကားကို သိသာအောင် ပြောနေတာတွေဟာ စိတ်ကို သာမက နားကိုပါ ဒုက္ခပေးတာဖြစ်တယ်။

* ချစ်စေလိုသောစကား၊ မုန်းစေလိုသောစကား၊ မချစ်မမုန်းဖြစ်အောင်လည်း စကားနဲ့ပဲ ထိန်းကျောင်းလို့ရပါတယ်။

* စကားမပြောတတ်သူတွေဟာ များများပြောတတ်တယ်။ စကားပြောတတ်သူကတော့ တိုတိုနဲ့လိုရင်း နည်းနည်းချင်းပဲ ပြောတယ်။

* စကားပြောဖို့ပဲ မစဉ်းစားပါနဲ့၊ မပြောဆိုဖို့ကိုလည်း စဉ်းစားပါ။ မပြောမိရန်ကိုလည်း စဉ်းစားထားမှ ကောင်းမယ်။ အချို့က ပြောချင်တာပဲ စဉ်းစားတယ်။ မပြောဆိုသင့် မသင့်ကို မစဉ်းစားကြဘူး။

* အလုပ်သမားဟာ အပြောသမားထက် တန်ဖိုးရှိတယ်။ ဒါပေမဲ့ အပြောကောင်းဖြစ်ရန်မှာ အလုပ်ကောင်း ဖြစ်ရန်ထက် ခက်တယ်။

* စကားဖြင့်ချီထားရင် ကြိုးနဲ့ချီတာထက် ခိုင်တယ်။ လှုပ်မရဘူး။

* ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောခြင်းက ပညာမဟုတ် လိပ်ကို ကြမ်းပိုးဖြစ်အောင် ပြောခြင်းက ပညာဖြစ်တယ်။

* စကားပြောပါ၊ မပြောမပြီး မတီးမမြည်၊ ပြောမှသိမှာဖြစ်မယ်။ ဖြည်းဖြည်းမှန်မှန်ပြောပြော၊ မှန်မှန်မြန်မြန်ပြောပြော၊ ပြောတတ်သလိုပြော၊ သို့သော် လောတော့မလောပါနှင့်။

* စကားကိုကြည့်ပြောပါဆိုတာက၊ မျက်နှာကိုသာကြည့်ပြောခိုင်းတာမဟုတ်ဘူး။ အခြေအနေ၊ အချိန်အခါကိုပါ ကြည့်ပြောခိုင်းတာ၊ အချို့က အခြေအနေ၊ အချိန်အခါကို ကြည့်မပြောလို့ ဒုက္ခမရောက်သင့်ဘဲ ရောက်ကြတယ်။

* စကားဆိုတာဟာ ဈေးအပေါဆုံးပစ္စည်းဖြစ်ပြီး၊ လူတိုင်းလူတိုင်း ပိုင်ဆိုင်တဲ့ လက်နက်ဖြစ်တယ်။



* ပညာတတ်သူတိုင်းလဲ စကားပြောတတ်ချင်မှ ပြောတတ်မယ်။ စကားတတ်သူတိုင်းဟာလည်း ပညာတတ်ဖြစ်ချင်မှဖြစ်မယ်။

* အလွယ်ဆုံးအကြောင်းအရာဟာ အပြောရအခက်ဆုံးပဲ။

* စကားအရေးကြီးတာ တခြားအရေးကြီးတာတွေထက်တောင်ပိုပါတယ်။ အချို့က စကားမပြောတတ်လို့ လောကမှာဒေါသတွေ ပြောပြလို့ မကုန်အောင် ထနေကြတယ်။

* စကားများလွန်းသည်က အပြစ်တစ်ခုသာမဟုတ်ပါ၊ စကားများလျှင် နားငြီးပြီး အကြောင်းနှင့်အကျိုး မစပ်အပ်သောစကားဖြစ်ပါက နားကြားပျင်းကပ်ဖွယ်၊ အမြင်ကပ်ဖွယ်ဖြစ်ပါတယ်။

* အချို့လူများ အမြင်ကပ်ခံရတာဟာ ရုပ်ရည်ဆိုးလို့မဟုတ်၊ ကိုယ့်အကျိုးစီးပွားနဲ့ လွပ်လပ်မှုကို စော်ကားလို့လည်းမဟုတ်။ သူက စကားနဲ့ မိမိနားကို အစမ္မကျင့်တဲ့အတွက်ဖြစ်တယ်။ အဲသည်လို အဖြစ်မျိုးကို စကားများတဲ့ အရက်သမားရဲ့မိသားစုနဲ့ နီးတဲ့ အိမ်နီးနားချင်းများ ခံစားရတတ်ကြပါတယ်။

* ပညာရှင်များပင် ဖြစ်သော်လည်း အင်္ဂါလေးတန်နှင့် မပြည့်စုံသော စကားများကို ပြောဆိုမိလျှင် သူတော်ကောင်းလောက၌ မကျော်ကြားနိုင်။ (ပါရမီတော်ခန်းပျို့၊ စာမိန့်)

* စကားအထ၊ အနကောက်သူများနှင့်၊ ပြောဆိုဆက်ဆံရတာမှာ စိတ်ညစ်စရာကောင်းပါတယ်။ တိတိကျကျ၊ ဟုတ်ဟုတ်ငြားငြား မရှိတာကိုပင် အကြောင်းအမျိုးမျိုးရှာကာ အပြစ်တင်တတ်ပါတယ်။

* ပြောထွက်သွားတဲ့ စကားရဲ့ ပိုင်ရှင်ဟာ သင်ပဲ၊ သင့်စကားကို သင်တာဝန်ယူရမှာပဲ၊ ပြောပြီး (စလစ်) ပြီးရော လုပ်ပစ်လို့ ဘယ်ရမလဲ။

* မူးယစ်နေသူ၊ မောဟကြီးလွန်းသူ၊ အယူသည်းသူကို ဆင်ခြေတက်နေတာဟာ ရေနစ်တဲ့သူကို ရှာရန်၊ ရေထဲသို့ မီးခွက်ကိုင် ဆင်းသူနှင့် အလားတူတယ်။

* ကြံဖန်စွပ်စွဲသူထံ၌ မည်သို့ပင်၊ ကောင်းမြတ်သောစကားများကို ပြောဆိုသော်လည်း အပြစ်တင်မှု စွပ်စွဲမှုက မလွတ်နိုင်ပါ။

* “ဘာသ ကာလတော ပဘုတိ အဒွေဇ္ဈဝစနေ” စကားဆိုတတ်သောကာလမှ စ၍ နှစ်ခွသောစကားမရှိသည် ဖြစ်ချေတယ်လို့ တရားတော်မှာလာတယ်။

* ပြောမထွက်သောစကားများဟာ ရင်ထဲတွင် တင်းကြပ်၍ အစာအိမ်ထဲတွင် အစာမကြေ ဖြစ်တတ်တယ်။ လောက



လူ့ရှာမှာ ပြောလိုလျက်နှင့် ပြောမထွက်သောစကားများရှိတယ်။ အချို့ဆို သေသွားသည်အထိ ပြောမထွက်ဘဲနေနိုင်ကြတယ်။

* လူ့ရဲ့ခံတွင်းဟာ ရတနာတွင်းပဲ။ ကြီးပွားရေးစကားပြောမလား၊ ပြောတတ်ရင်စကားနဲ့တောင် ကြီးပွားတယ်။ သစ္စာစကားဆိုမလား၊ မေတ္တာစကားပို့မှာလား၊ ချစ်ခြင်းခံစားချက်ကို ရင်ဖွင့်စကားပြောမှာလား။ ပြောတတ်တာနဲ့အမျှအောင်မြင်တယ်။ လူရဲ့ခံတွင်းဟာ ပြောချင်ရာပြောလို့ရတယ်။

* ကုသိုလ်ပြောရင် လူ့ရဲ့ခံတွင်းဟာ ရတနာတွင်း၊ အကုသိုလ်ပြောရင် လူ့ရဲ့ခံတွင်းဟာ အညစ်အကြေးတွင်း။

* လူ့ရဲ့ခံတွင်းက ဖရုသဝါစာ သမ္ဖပ္ပလာပနဲ့ မုသာဝါဒတွေပြောနေသမျှတော့ အဲသည်ခံတွင်းက ငရဲကိုသွားခိုင်းနေတာဖြစ်တော့တယ်။

* လောကနီတိပုဒ်ရေ (၈၀) မှာ ဤသို့ဆိုတယ်။

| | | |
|---|---|---|
| ပရောက္ခေ | = | မျက်ကွယ်၌ |
| ဂုဏဟန္တာရံ | = | ကျေးဇူးကို ချေတတ်သော |
| ပစ္စက္ခေ | = | မျက်မှောက်၌ |

| | | |
|---|---|---|
| ပိယဝါဒိနံ | = | ချစ်ဖွယ်စကားကို ဆိုတတ်သော |
| တာဒိသံ | = | ထိုသို့သဘောရှိသော |
| မိတ္တံ | = | အဆွေခင်ပွန်းကို |
| ဝိသကုမ္ဘေ | = | အဆိပ်အိုး၌ |
| မဓုံ | = | ပျားကို |
| ဝမ္မေယျယထာ | = | ကြဉ်ရာသကဲ့သို့ |
| ဝမ္မေယျ | = | ကြဉ်ရာ၏။ |

* ချိုသောစကားတိုင်း အလိုပြည့်ပေမဲ့ အမှန်မဟုတ်ပါဘူး။ ဘဝမှာ စကားတွေ အများကြီး ပြောကြပါတယ်။ မသေမချင်းပြောရမှာပါပဲ။ စကားချိုလို့ အလိုမလိုက်နဲ့။

* ဆေးဖြင့်သာ ပန်းချီဆွဲနိုင်တာမဟုတ်၊ စကားဖြင့်လည်း ပန်းချီဆွဲနိုင်တယ်။

* စကားဆိုတာဟာ ဈေးအပေါဆုံးဖြစ်ပြီး လူတိုင်းလူတိုင်း ပိုင်ဆိုင်တဲ့ အလုပ်ဖြစ်တယ်။

* နှုတ်စကားလေးနဲ့လည်း အသည်းနှလုံးကို မဝယ်ယူလို့ ရနိုင်ပါတယ်။

* နာရီတစ်ထောင် လေ့လာသိရှိပြီးမှ တစ်နာရီသာ ပြောပါ။

* အချို့လူတွေဟာ လျှာက လည်ပင်းပတ်မိလို့ စကားတိတ်သွားရတယ်။ ပြေးရတယ်၊ အပြစ်ဒဏ်ခံရတယ်။ ရှမ်းတိုင်းရင်းသား စကားပုံမှာတော့ ‘ပါးစပ်ရှိပြီး စကားမပြောတတ်လျှင် လျှာက လည်ပင်းကို ပတ်ပြီး ဖြတ်မည်’လို့ ဆိုတယ်။



* ငွေအင်အား၊ လူအင်အားလို စကားအင်အားလိုပါတယ်။ စကားအင်အားဟာ အလွန်အရေးပါတယ်။

* စကားကို ပွင့်လင်းပီသစွာ ပြောတဲ့အကျင့်ကို ကျင့်ရမယ်။ စကားကို မပွင့်တပွင့် မပြောပါနဲ့၊ မပွင့်တပွင့်ပြောတာဟာ လူအထင်သေးပါတယ်။ အဲသည်အကျင့်က ငယ်စဉ်အခါ စွဲပြီးလာတဲ့ အကျင့်ဖြစ်နေရင်တောင် ပြုပြင်လို့ ရပါတယ်။

* ကိုယ့်အာရုံ၊ ကိုယ့်အတွေးနဲ့ကိုယ် နှုတ်ဆိတ်နေသူကို အပေါင်းအသင်းများက နှုတ်ဆက်ဖော်မရ၊ စကားမပြော၊ ဟန်ပန်ကြီးတယ်လို့ အထင်မှားတတ်တယ်။

* စကားပြောကောင်းတယ်ဆိုတာ အင်္ဂါငါးပါးနဲ့ညီမှ စကားကောင်းဖြစ်တယ်။ တရားတော်ထဲက မူလပဏ္ဏာသမှာ သည်လို ငါးပါးလာရှိတယ်။ အခါအားလျော်စွာ ပြောတတ်ရမယ်။ မှန်တဲ့စကားပြောရမယ်။ သိမ်မွေ့တဲ့စကား ပြောရမယ်။ အကျိုးစီးပွားနဲ့ စပ်တဲ့စကား ပြောရမယ်။ မေတ္တာစိတ်နဲ့ ပြောရမယ်။

* ရင်ထဲမှာ၊ စိတ်ထဲမှာ သိုသိပ်ထားလို့ မရတော့ဘဲ အသည်းနှလုံးထဲမှာ စကားတွေ မဆန့်တော့တဲ့အခါ နှုတ်က စကားဖွင့်ဟပါတယ်။

* စကားဟာ မြားလိုပဲ၊ မြားပစ်ပြီးရင် ပြန်မလာတော့ဘူး။ စကားကလည်း ပါးစပ်က ထွက်သွားပြီးရင် ပြီးတာပဲ မဟုတ်လား။

* ခွက်ထဲက ဖိတ်သွားတဲ့ရေကို အဝတ်စုတ်နဲ့ သုတ်ပစ်ရင် စင်ကြယ်သွားပါတယ်။ နှုတ်ကထွက်သွားတဲ့၊ မှားသွားတဲ့ စကားကို ပြန်ပြီး ကျေကျေလည်လည် တောင်းပန်ရင် ရပါတယ်။

* ခြေချော်ဖင်ထိုင်ကျတာ သက်သာတယ်။ စကားမှားတာ၊ တော်ရုံမှားတာကို လူတွေ ခွင့်လွှတ်ပါတယ်။

* လူတွေမှာ စကားများ လျှာရှည်အာချောင်သူရှိသလို စကားနည်း၊ နှုတ်ဆိတ်၊ တိတ်တိတ်နေသူတွေလည်း နှုတ်ဆက်တဲ့အခါ နှုတ်ဆက်၊ အယူတူ၊ ဆန္ဒတူရင် စကားတွေ အရမ်းပြောသူလည်း ရှိတယ်။

* လူတစ်ယောက်မှာ ဘယ်လိုအရည်အသွေးကောင်းရှိရှိ၊ စကားကောင်းကောင်းမပြောတတ်ရင်၊ လူ့လောကအသိုင်းအဝိုင်းမှာ အောင်မြင်ဖို့ ခဲယဉ်းတယ်။



* မိမိရဲ့ဆန္ဒအတိုင်း သူများကလိုက်လျောလာဖို့ဆိုရာမှာ စတင်အသုံးပြုရတာက စကားပဲ ဖြစ်တယ်။

* လောကနီတိပိုဒ်ရေ (၈၈) မှာ ဤသို့ ဆိုတယ်။

ယဿ = အကြင်သူ၏
မုခံ = မျက်နှာကား
ပဒုမံ–ပဒုမံဏ္ဏ၀= ပဒုမ္မာကြာကဲ့သို့ ရွှင်၏။
ဝါစာ = ဆိုသောစကားသည်လည်း
စန္ဒနသီတလာ = စန္ဒကူးကဲ့သို့ ချမ်းအေး၏။
ဟဒယေတု = နှလုံး၌ကား
ဟလာဟလံ = လျင်စွာသေစေတတ်သော အဆိပ်ကဲ့သို့ ရှိ၏။
တာဒိသံ = ထိုသို့ သဘောရှိသောသူကို
နောပသေဝေယျ = မမှီဝဲရာ။

* စကားပြောတာဟာ စစ်ပွဲတစ်ပွဲကို တိုက်ခိုက်ခြင်းပဲ။ လက်နှင့် ခုခံတိုက်ခိုက်ခြင်း မရလျှင် နှုတ်စကားဖြင့် ခုခံတိုက်ခိုက်နိုင်တယ်။

* နှုတ်ပါးစပ်ဆိုတာ စကားပြောပညာရဲ့ မ,တည်ရာ၊ အရင်းအနှီး ကြီးဖြစ်တယ်။

စကားပြောသင်ပေးသော ဆရာဟာ အခြားသူမဟုတ်ပါ။ မိမိကိုယ်တိုင်ပင် ဖြစ်တယ်။

* စကားဆိုတာ စိတ်ကမွေးဖွားပြီး ပါးစပ်မှ ကြီးပြင်းလာတာ ဖြစ်တယ်။ နှုတ်က ပြောတာလား၊ စိတ်ကပြောတာလား၊ စိတ်က စတင်တာတော့ အမှန်ပဲ။

* စကားပြောကောင်းတစ်ယောက် ဖြစ်လာနိုင်စေရန် အခြားသူတွေ ပြောတာကို ဝေဖန်ဆန်းစစ် ပြီးတော့ အကျိုးအကြောင်း လေ့လာဆန်းစစ်ညွှန်ပြသော စာအုပ်စာတမ်းကို လေ့လာ။ အဲသည် အကူအညီနှစ်ရပ်ရအောင် လုပ်ပါ။

* လူတိုင်း တတ်၍မတတ်သော ပညာရပ်ကို ပြောပါဟု ဆိုပါက စကားပြောအတတ်ပညာပဲလို့သာ ဆိုရမှာ ဖြစ်ပါတော့တယ်။

* ကိုယ့်ကိုယ်ကိုချစ်လျှင် မုသား စကားကို ရှောင်။ မုသားစကားကို ရှောင်နိုင်မှ ကိုယ့်ကိုယ်ကို ချစ်ရာရောက်တယ်။ မုသားစကားဆိုတာကို သိသွားတဲ့အခါ လူမုန်းခံရတာ ဘာမုန်းတာနဲ့မှ မတူပါဘူး။ နောက်လည်း မဆက်ဆံကြတော့ဘူး။

* မဟုတ်မတရား မုသားပြောဆိုတဲ့သူမှန်ရင် မိမိကိုယ်ကျင့်တရားကို သတ်ပစ်ရာရောက်ပါတယ်။ မုသားပြောတဲ့သူကို နတ်တွေ မကြည်ညိုပါ။ ကိုယ်စောင့်နတ်များကလည်း မစောင့်လိုကြပါ။



* အထူးသဖြင့် ကိုယ်ကျင့်တရားကို သတ်ပစ်တဲ့လူဟာ မိမိကိုယ်ကိုလည်း သတ်ပစ်ရာရောက်ပါတယ်။ မုသားပြောတဲ့လူပါးစပ်က အပုပ်နံ့ထွက်တတ်ပါတယ်။

* မုသားပြောတယ်ဆိုတာ အလွန်အပြစ်ကြီးလေးပါတယ်။ အလွန်လည်း ကြောက်စရာကောင်းလှတယ်။ ရှိသမျှ ဂုဏ်သိက္ခာကို ဖျက်ဆီးပစ်ရုံသာမက အရှက်တကွဲ အကျိုးနည်းလည်း ဖြစ်စေတတ်ပါတယ်။

* လိမ်ညာလှည့်ဖျား မုသားစကား၏ ကြီးမားလှတဲ့ အန္တရာယ်နှင့် အပြစ်ကို သိမြင်သောကြောင့် ဘာသာတရားတိုင်းက မုသားစကားကို အရေးတယူတားမြစ်ပညတ်ကြပါတယ်။

* စကားနှစ်ခွပြောတာ၊ မပြတ်မသားပြောတာ၊ မုသားစကားဆိုတဲ့ သူတွေကို ဘယ်သူ တစ်စုံတစ်ယောက်ကမျှ အထင်ကြီးခြင်း၊ ယုံကြည်လေးစားခြင်းမရှိကြပါ။ အထင်သေးရွံမုန်းကြတာ များတယ်။ ရုပ်ကို မမုန်းပေမဲ့ စကားကို မုန်းရင်လည်း မုန်းတာပဲ။

* လောကကြီးကို စိုးမိုးနိုင်တာစကား၊ လောကကြီးကို ကြီးစွာဖျက်ဆီးနိုင်တဲ့အရာက မုသားစကားဖြစ်ပါတယ်။

* တစ်ယောက်က တစ်ယောက်ကို မဟုတ်မမှန် လုပ်ကြံမုသားပြောရင် အပြောခံရသူ၊ အစွပ်စွဲခံရသူဟာ ထိခိုက်နာကျင်ရပါ

တယ်။ ပထမအဆင့်၊ အပြောခံရသူ ထိခိုက်နစ်နာပြီးရင် ဒုတိယအဆင့်ကတော့ ပြောသူကိုယ်တိုင် ထိခိုက်နစ်နာရပါတယ်။

* အနှိုင်းမဲ့သော ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူတဲ့ ဒုစရိုက်ဆယ်ပါးမှာ ဝစီဒုစရိုက် (၄) ပါး ပါဝင်တယ်။ ဆယ်ပါးရဲ့ တစ်ဝက်နီးပါးပဲ။ စကားနဲ့ ပတ်သက်တဲ့ ဒုစရိုက်က ဝစီဒုစရိုက်ပဲ၊ နှုတ်နဲ့ လွန်ကျူးတဲ့ ဝစီဒုစရိုက်ဖြစ်တယ်။

* စကားကြောင့်ပဲ ချစ်ကြတယ်။ စကားကြောင့်ပဲ မုန်းကြတယ်။ တစ်ယောက်အကြောင်း တစ်ယောက်သိချင်ရင် စကားကိုသာ နားထောင်ကြရတယ်။ အဲဒါကြောင့် စကားဟာ လူလူချင်း ဆက်ဆံမှုမှာ အလွန်အရေးကြီးတယ်။ စကားကောင်း စကားမွန်ပြောတတ်ဖို့ လိုတယ်။

* ဒေါသကြီးသူရဲ့ ပါးစပ်မှာ ငရဲမီး အမြဲလောင်မြိုက်နေတယ်။ မုသားပြောသူရဲ့ နှုတ်က အမြဲအပုပ်နံ့ထွက်နေတယ်။ သူတော်ကောင်းများဟာ စိတ်ထားနူးညံ့ပျော့ပျောင်းတဲ့အတွက် စကားလည်း နူးညံ့ပျော့ပျောင်းနေတယ်။

* မုသားပြောတဲ့ အပြစ်ကိုသိပြီး မုသားမပြောတဲ့အကျိုးကို ခွဲခြားသိရှိသူတွေဟာ မှန်တဲ့ သစ္စာစကားကိုသာ ပြောဖွယ်ရှိပါတယ်။



* မုသားလိမ်လည်ပြောသူတွေဟာ ကြင်နာခြင်းနဲ့ မေတ္တာတရားနည်းပါးတယ်။ နည်းပါးတဲ့အတွက် လိမ်ညာပြောရဲတာ ဖြစ်တယ်။

* အပေါင်းအသင်း ရောင်းရင်းမိတ်ဆွေတွေရဲ့ အထင်သေးမှုကို မခံချင်ရင် မုသားစကားအသေးအဖွဲ့ကလေးတွေ၊ အလိမ်အကောက် အသေးအဖွဲ့ကလေးတွေတောင် မပြောသင့်ဘူး။ အချို့အသေးအဖွဲ့လေးတွေက ပြောသာရင် အကြီးအမားအဖြစ် စုပုံကူးပြောင်းသွားတယ်။

* မုသားပြောသူကို မသိလို့ ခင်မင်မိတောင် ကြာပါ။ ထာဝရမိတ်ဆွေမလုပ်ကြဘူး။

* အချို့သောလူတွေရဲ့စိတ်သဘောက ကိုယ်တိုင်မှန်ကန်စွာပြောဆိုဖို့ ပျက်ကွက်ပေမဲ့ ကိုယ့်အပေါ်မှာ သူများလာလိမ်ပြောတာကျတော့ မနှစ်သက်ကြဘူး။ အမှန်တရား ပျက်ကွက်တယ်။

* အချို့က လေတစ်လုံး မိုးတစ်လုံး လိမ်ညာပြောသူကို အဟုတ်ကြီး ထင်တယ်။ ယုံတယ်။ ကြာမှ ကျောချမှ ဓားပြမှန်း သိကြတယ်။

* မုသားစကားပြောတဲ့လူဟာ စည်းစိမ်ဥစ္စာ အရှိန်အဝါရှိသူဖြစ်၍ မလွှဲမကင်းသာ ဆက်ဆံရလျှင်လည်း မချစ်သော်လည်း

အောင့်ကာနမ်း သဘောမျှသာ ဖြစ်ကာ ထိုကဲ့သို့ ဆက်ဆံရသဖြင့် စိတ်ရွှင်ပျချမ်းသာခြင်းမဖြစ်ဘဲ စိတ်ငြိုငြင် ဆင်းရဲစွာဖြင့် ဆက်ဆံရခြင်းသာ ဖြစ်ပါတယ်။

* ရာဟုလောဝါဒသုတ်မှာ မှောက်ထားသောရေခွက်၌ ရေအကြွင်း အကျန်ဟူ၍ တစ်စက်မျှ မရှိနိုင်သည့်နည်းတူ လိမ်လည်ရန် မရှက်သောသူ၌ တော်တည့်ဖြောင့်မတ်မှုသည် တစ်စက်မျှ မရှိနိုင်ဟု လာရှိတယ်။

* အမှန်တကယ်တော့ တော်တည့်ဖြောင့်မတ်မှုမရှိဘဲ ချိုသာစွာ မုသားပြောတာဟာ စကားဆိုး၊ စကားကြမ်းထက် ထောင် ပိုပြီး ငရဲကြီးနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ပိုပြီး ထိရောက်လို့ပါပဲ။

* လိမ်ညာပြောသူဟာ အရှက်မရှိသူပဲ။ အရှက်ရှိသူဟာ လိမ်မပြောချင်ဘူး။ ဘာဖြစ်လို့ မပြောချင်လဲဆိုတော့ လိမ်ပြောခံရသူက မသိတောင် ကိုယ့်လိပ်ပြာကိုယ် ရှက်တဲ့အတွက် မပြောချင်တာ ဖြစ်တယ်။

* မုသားစကားပြောတတ်သူနဲ့တွေ့ရင် ချက်ချင်း အဆက်အသွယ်သာဖြတ်၊ ကြာရင် သူ့မုသားကို ဂရုမထားမိတော့ဘဲ ယုံမိမှားတတ်ပါတယ်။



* ဓမ္မဟောင်းကျမ်း ဆာလံ ၃၄ ၌ 'လျှာကယုတ်မာမှုကို ရှောင်ကြဉ်ပါ၊ နှုတ်ခမ်းများက စဉ်းလဲသောစကားပြောခြင်းမှ ကင်းလွတ်ပါ' ဟု ဆိုပါတယ်။

* ဓမ္မဟောင်းကျမ်း ဆာလံ ၅၈ ၌ 'မတရားသောသူတွေဟာ အမိဝမ်းထဲမှစ၍ မုသားစကားကို ပြောတတ်ကြတယ်။ သူတို့အဆိပ်က မြွေအဆိပ်နဲ့တူတယ်ဟု ဆိုပါတယ်။

* မုသားစကားပြောတတ်သူ၊ လိမ်တတ်သူကို လူတွေဟာ ဝိုင်းကြဉ်ကြတာပဲ။ အပေါင်းအသင်းလုပ်ကြရတာကို စိတ်ကမသန့်ဘူး။ သူနဲ့ အပေါင်းအသင်းလုပ်ရန် စိတ်ဝန်လေးကြတယ်။ မုသားသ ား လူလိမ်နဲ့ ပေါင်းလို့ ကိုယ့်ကိုပါ လူလိမ်လို၊ အမြင်ခံရမှာကို စိုးရိမ်ကြတယ်။

* မှန်တဲ့စကားဆိုမှ ကျော်စောတယ်။ မုသားစကားနဲ့ ကျော်စောတာ ခဏတော့ ရနိုင်တယ်။ မှန်ကဲ့စကားသာ ထာဝရတည်တယ်။ လူ့အဖိုးတန် ဥစ္စာဖြစ်ပြီး လူကောင်းအမှတ်အသား ဖြစ်တယ်။

* စိတ်ဆိုးတုန်း၊ စိတ်ရှုပ်တုန်း၊ မဆင်မခြင် အလျင်စလိုမပြောနဲ့၊ မလုပ်မိစေနဲ့။ စိတ်ဆိုးတုန်း၊ စိတ်ရှုပ်တုန်းပြောချမိတာတွေမှာ ဒေါသလည်း ပါတတ်တယ်။ မုသားလည်းပါတတ်တယ်။

* တည်ကြည်ဖြောင့်မတ်တဲ့ စကားတစ်ခွန်းဟာ ကျိန်တွယ်ပြောတဲ့ စကားထက် သာလွန်ကောင်းမြတ်ပါတယ်။ အမြဲတည်တည်ကြည်ကြည်၊ မှန်မှန်ကန်ကန်ပြောတဲ့လူဟာ ကျိန်ပြောဖို့ မလိုဘူး။

* ကံ(၅)ပါးမှာ မုသာဝါဒကံဟာ အဆိုးဝါးဆုံးဖြစ်တယ်လို့ ဗုဒ္ဓဘာသာဝင်တို့ လက်ခံယုံကြည်ကြပါတယ်။ အခြားကံတစ်ပါးပါးကို ကျူးလွန်မိသူတို့က ကျူးလွန်မိုက်မှားမိကြောင်း ဝန်ခံတတ်ပါသေးတယ်။ မုသာဝါဒသမားအဖို့မှာ အမှန်စကား မပြောသူဖြစ်လို့ ဝန်ခံတာမရှိ ပြုပြင်တာမရှိဘူး။ ပိုလို့သာ ဆိုးတတ်တယ်လို့ ကျမ်းဂန်မှာ ဆိုထားပါတယ်။

* မုသားစကား၊ ဆိုမိကြားမူ၊ သွားကျဲမညီ၊ စကားမပီတည့်၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရည်၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၏။ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လီ၊ စိတ်မကြည်တည့်။

(စာပေဘဏ် ဆန်းထွန်း၊ စာ ၂၆၃-၂၆၄)

* လူ့လောကကြီးထဲမှာ မရှုပ်သင့်ဘဲ ရှုပ်နေကြတာတွေဟာ မုသားစကားတွေ ရှုပ်နေလို့ပဲ။ စဉ်းစားဆင်ခြင်နိုင်သူတွေထက် မသိနားမလည်သူတွေဟာ မုသားစကားဒဏ်ကို ပိုပြီးခံရတယ်။ မဆုံးဖြတ်၊ မဝေခွဲတတ်တော့ ယုံမိ။ ယုံမိတော့ ဆုံးရှုံးမှားယွင်း ဒုက္ခရောက်ကြရတယ်။



* မုသားလိမ်ပြောတာများတော့ အမှန်ပြောတာတွေကိုလည်း လိမ်ပြောတယ်ထင်ကုန်ကြရော မုသားစကားဆိုတာ နှုတ်ကအထွက် လွယ်သလောက် လက်တွေ့မှာ တကယ်ရှုပ်တဲ့အရာပါ။ အချို့လူတွေဟာ မုသားပြောတတ်လွန်းလို့ လူအယုံအကြည်တွေ နည်းခဲ့ကြပြီး အမှန်တကယ်ပြော၊ အမှန်တကယ်လည်း လုပ်ရော၊ ယုံသူ၊ အတူလုပ်ချင်သူမရှိတော့တာ အလွန်ဆိုးဝါးပါတယ်။ တစ်ချိန်က ယုံမိလို့ ကမောက်ကမဖြစ်ခဲ့ကြရတာတွေကို ကြောက်လန့်တော့ လက်တွဲမလုပ်ရဲကြဘူး။

* လူမှာ စကားနှင့် စိတ်ဟာ ဆက်စပ်နေပါတယ်။ ကင်းကွာနေတယ်ရယ်လို့ မဟုတ်ဘူး။ ဒေါသစိတ်ဝင်နေရင် ဒေါသစကားပြောတယ်။ နှုတ်ကို ထိန်းထားနိုင်ရင်တောင်မှ စိတ်က ဒေါသစကား ပြောနေတယ်။ လောဘစိတ်ဝင်နေရင်လည်း လောဘစကားကို သွယ်ဝိုက်စည်းရုံးပြီး ပြောတာပဲ။ မေတ္တာစိတ်ဝင်နေရင်တော့ မေတ္တာစကားကို ငြိမ်းချမ်းစွာ ပြောတတ်ကြပါတယ်။ စကားဟာ နှုတ်ကလာတာ ဖြစ်ပေမဲ့ လာတာက စိတ်ကလာတာ ဖြစ်တယ်။

* ဦးနှောက်ကနေ စိတ်ကနေ စကားဖြစ်ပေါ်လာခဲ့တယ်။ သူ့အလိုလို စကားမဖြစ်ဘူး။ စိတ်ကနေတစ်ဆင့် စကားဖြစ်လာတယ်။ ထမင်းစား ရေသောက် အာလာပ သလ္လာပစကား

တွေကိုသာ လွယ်လွယ်ပြောဖြစ်ပေမဲ့ ကျန်အရေးကြီးတဲ့ စကားမှန်သမျှ ဦးနှောက်က တွေးခေါ်စဉ်းစားပြီးမှ ပြောကြတာ ဖြစ်တယ်။

* စိတ်ထားကောင်းသူရဲ့နှုတ်က စကားကောင်းတွေ ထွက်လာတယ်။ ဉာဏ်ပညာ၊ အသိတရားကောင်းသူတွေရဲ့ နှုတ်က အတွေးအခေါ်စကားတွေ ထွက်လာကြတယ်။ လူတစ်ယောက်ရဲ့ ပြောစကားတွေကို နားထောင်ပါများရင် ထိုသူရဲ့ စိတ်ကိုပါ သိလာတတ်တယ်။

* စိတ်ဆန္ဒဟာ စကားမှာ ပေါ်လာတယ်။ ကြာကြာဖုံးကွယ်ထားလို့ မရဘူး။ စကားမှာ စိတ်ဆန္ဒဟာ တစ်နည်းမဟုတ်တစ်နည်းပေါ်လာတာပဲ။ စိတ်ဟာ စကား၊ စကားဟာ တစ်နည်းအားဖြင့် စိတ်ဖြစ်တယ်။ ရာဂစိတ်ကြီးသူရဲ့ စကားမှာ၊ ရာဂအကြောင်း ပေါ်လာတယ်။ လောဘကြီးသူရဲ့ စကားမှာလည်း သူ့လောဘတွေ ပေါ်နေတတ်တယ်။

စိတ်ဆန္ဒနဲ့ စကားဆက်စပ်နေတယ်။ နှုတ်ကထွက်လာတဲ့ စကားဟာ တန်ဖိုးကြီးတယ်။ တရားပျော်မွေ့သူမှာလည်း တရားစကားတွေ သိသာစွာ နားထောင်ရတတ်တယ်။

စိတ်ထားမကောင်းသူဟာ ဟန်လုပ်ပြီး စကားကောင်းပြောပေမဲ့ ခဏသာ ပြောလို့ရတယ်။ ပြောရင်းပေါ်တာပဲ။ များများ ပြောလေ၊ များများသိသာလေရယ်ပါ။ စိတ်မပါတော့ ကြာကြာမရဘူး။ စိတ်မပါတဲ့အတွက် ဟန်ပဲရှိပြီး အနှစ်သာရမပါဘူး။ ဘယ်လောက်ဟန်ရေးပြပြောပြော၊ ကြာရင် ရင်ထဲက သဘောထားပေါ်လာတတ်တော့တယ်။



နှုတ်တကယ်ကောင်းသူဟာ သိသာတယ်။ ဘာသိသလဲဆိုတော့ အတွင်းစိတ်ကပါ တကယ်ကောင်းနေလို့ပဲ။ နှုတ်ထွက်ရဲ့တာဟာ နှုတ်မှ စေတနာတွေပါနေလို့ ဖြစ်တတ်တယ်။ စိတ်ထားကောင်းသူဟာ လွယ်လွယ်လည်း နှုတ်မထွက်ဘူး။ စိတ်ထားကောင်းတွေကြောင့် ပြောတဲ့စကားကို စဉ်းစားပြီးမှ ထွက်တတ်တယ်။

* စိတ်မရှင်းသူမှာ ပြောတဲ့စကားလည်း မရှင်းဘူး။ စိတ်မရှင်းတဲ့အတွက် အကြောင်းအရာတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မချနိုင်ဘူး။ မပြတ်မသား ဇဝေဇဝါဖြစ်နေတတ်တယ်။ ဦးနှောက်မကောင်းသူ၊ စိတ်မနှံ့သူကိုကြည့်ရင် စကားနဲ့စိတ် ဆက်စပ်နေကြောင်း ပိုသိသာတယ်။

* စိတ်မမှန်ရင် စကားလည်း မမှန်ဘူး။ လူမှာ စိတ်ကောင်းရှိဖို့က ပထမဖြစ်တယ်။ စိတ်ကောင်းရှိရင် စကားကောင်းတွေ ပြောနိုင်တယ်။ စိတ်ထားကောင်းကနေ စကားကောင်းတွေ ပြောနိုင်တယ်။ စကားကောင်းတွေလည်း ရလာတော့တယ်။

စိတ်က အကုသိုလ်တွေ လက်ခံကြိုက်နှစ်သက်နေရင်တော့ နှုတ်က ပြောထွက်ဖို့လည်း ဝန်လေးမှာ မဟုတ်ဘူး။

* လူဟာ စကား(၄)မျိုးကို ပြောတယ်။ (၁)အသိကို ပြောတယ်။ (၂) ပင်ကိုဗီဇကို ပြောတယ်။ (၃)ဝါသနာကို ပြောတယ်။ (၄)စိတ်ကို ပြောတတ်တယ်။

* လူရဲ့စိတ်က မေ့နေရင် ပြောဖို့စကားတွေကိုလည်း မေ့နေတတ်တယ်။ သတိမရရင် မပြောဖြစ်တော့ဘူး။ သတိရမှ ပြောလို့ ရတယ်။ လူမှာ စိတ်က အဓိကဖြစ်ပြီး စကားဟာ စိတ်ရဲ့ အစေအပါးပါပဲ။ စကားနောက် တရားပါ။ စိတ်နောက် နှုတ်ပါသဘော ဖြစ်တယ်။

* စကားက ဘာလို့ အရေးပါသလဲ၊ စိတ်ကို ရုတ်တရက်ပြလို့ မရဘူး။ စိတ်ကပြလို့ မရတာတွေ အများကြီး ရှိတယ်။ စိတ်က ပြောတာမကြားရဘဲ၊ နှုတ်က ပြောတာသာ လွယ်လွယ်ကူကူ ကြားနိုင်တယ်။ ဆက်စပ်နေတဲ့ စိတ်နဲ့ စကားကြောင့် စိတ်မြန်သူဟာ နှုတ်ပါ မြန်တတ်တယ်။ နှုတ်မြန်ခြင်းက မကောင်းဘူး။ အများတွေ ပြောမိတတ်တယ်။

* မြန်မြန်စားတတ်ရင် ပါးစပ်ပူတတ်ပြန်သလို မြန်မြန်ပြောတာက မှားတတ်ပြန်တယ်။



* တစ်ကိုယ်ကောင်းသမားတွေဟာ ကိုယ်ချင်းစာနာတဲ့စိတ်မရှိတဲ့အတွက် ကြင်နာတဲ့စကားကို မပြောတတ်ပါဘူး။ လူအများ ရဲ့ ချစ်ခင်မှု၊ အားကိုးမှု၊ လေးစားမှုလိုချင်ရင် မှန်ကန်ချိုသာတဲ့စကားတွေ အမြဲပြောဆိုနိုင်ရမှာဖြစ်တယ်။

* နှုတ်ကို ထိန်းသိမ်းဖို့ လိုသလို နှုတ်က စကားကောင်း၊ စကားမှန်တွေ ထွက်ရန်လည်း လိုပါတယ်။ မှန်ကန်သင့်မြတ်တည် ကြည်စွာပြောတတ်မှုဟာ လောကမှာ လူတော် လူကောင်းများရဲ့ အလုပ်ဖြစ်ပါတယ်။ အားပေးစကား ချိုသာကြင်နာတဲ့စကား၊ ကူညီတဲ့စကားတွေဟာ စိတ်ဓာတ်စိတ်မြတ်တွေရှိမှသာ ထွက်ပေါ်လာနိုင်ပါတယ်။

* ပါးစပ်ကပြောတာဟာ လေပဲဖြစ်တယ်။ ဒါပေမဲ့ ခံရတဲ့လူ မသက်သာဘူး။ မသက်သာတာ ဘာကြောင့်လဲဆိုတော့ စိတ်က ခံစားရလို့ ဖြစ်တယ်။ နားထောင်တဲ့နားနဲ့ စိတ်ဟာ ဆက်စပ်နေတယ်။ ဆက်စပ်နေတော့ ခံစားရတယ်။

* လူတွေဟာ ယုံကြည်လွယ်စိတ် ရှိသလို မယုံကြည်တဲ့စိတ်ရှိတာကလည်း စကားနဲ့စိတ် ဆက်စပ်နေလို့ပါ။ ပြောချင်တဲ့စကား တစ်ခုကိုရော၊ သတင်းတစ်ခုကိုရော မပြောဘဲ ချုပ်ထိန်းနိုင်ရင် စိတ်တန်ခိုးတက်တယ်။ လူတစ်ယောက်နဲ့ တစ်ယောက် ချစ်စကားပြောကြားရာမှာ စိတ်ကပြောနေ

ကြောင်း ပိုပြီးသိသာပါတယ်။ ချစ်စကားတွေဟာ အသည်းနှလုံးက လာတာမဟုတ်။ စိတ်ကလာတာပါ။

* စကားဟာစိတ်၊ စိတ်ဟာ စကားမို့ စိတ်ထားကောင်းမွေးဖို့ အရေးကြီးလှတယ်။ စိတ်ထားကောင်းတွေကနေ နှုတ်မှ စကားကောင်းတွေ ပေါ်ပေါက်ပြောဆိုလာမှာပဲ။

* စိတ်ကလာတဲ့ စကားဟာ တန်ဖိုးကြီးလှပါတယ်။ စကားဟာ လူတစ်ယောက်ကို ကူညီနိုင်သလို ပျက်စီးသွားအောင်လည်း ပြုနိုင်စွမ်းတယ်။ ချမ်းသာကို ပေးနိုင်ရစေနိုင်တဲ့ စွမ်းအားရှိသလို ဆင်းရဲဒုက္ခကို ပေးနိုင်ရစေနိုင်တဲ့ စွမ်းအားလည်း ရှိပါတယ်။ မုန်းစေလို ပါးစပ်လက်လေးသစ် ချစ်စေလို ပါးစပ်လက်လေးသစ်ပါပဲ။

* ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းကြောင့် မြွေကဲ့သို့ လျှာနှစ်ခွရှိတတ်သည်။ ငါးကဲ့သို့ လျှာသော်လည်း မရှိ၊ အဆွံ့အအဖြစ်တတ်သည်။ ချွတ်ယွင်းသော စကားကို ပြောဆိုသောသူအား သားယောကျ်ားမရ၊ သမီးမိန်းမကိုသာ ရတတ်သည်ဟူ၍ တေသကုဏဇာတ်ပါဠိ အဋ္ဌကထာစေတီယဇာတ်ပါဠိအဋ္ဌကထာ စသည်တို့၌ လာတယ်။ (ရာဇသောဝကဒီပနီကျမ်း၊ စာ ၁၂၆)



* လူတွေမှာ စရိုက်အမျိုးမျိုး ရှိကြတယ်။ ချွတ်ယွင်းတဲ့ မကောင်းတဲ့ မုသားစကားပြောသူတွေ အရေအတွက်မှာလည်း နည်းမှာမဟုတ်၊ လောကမှာ လူတွေထဲမှာ မုသားစကားကလည်း တွင်တွင်ကျယ်ကျယ် ရှိနေပါတယ်။

## စကားက လုပ်မပေးနိုင်တဲ့ကိစ္စတွေ

* စကားဟာ...
  မိမိက ချစ်ခြင်းမေတ္တာစကားကို အနှစ်နှစ်အလလ ကြိုးစားပြောကြားပေမဲ့ ပြောကြားခံရသူရဲ့ ချစ်ခြင်းမေတ္တာကို ရချင်မှ ရမယ်။

* စကားဟာ...
  မိမိဇော်ကားမှားယွင်းမိတာကို တောင်းပန်မှုစကား အနူးအညွတ် ပြောကြားပေမဲ့ ကျေအေးမှု၊ ခွင့်လွှတ်မှု ရချင်မှ ရမယ်။

* စကားဟာ...
  စကားနဲ့လူခင်အောင်လုပ်နိုင်ပေမဲ့ စကားတစ်မျိုးတည်းနဲ့ ပြည့်စုံအောင် မခင်မင်နိုင်ဘူး။ စကားအပြင် အခြားအရာတွေ ပါပေးနိုင်ပြုနိုင်မှ ပြည့်စုံအောင် ခင်မင်တယ်။

* စကားဟာ...
စကားနဲ့ ရယ်စရာပြောပြီး ခဏတာ အပူအပင်ကို မေ့ပျောက်နိုင်ပေမဲ့ ရင်ထဲက အပူအပင်ကို ထာဝရမေ့သွားလို့ မရဘူး။

* စကားဟာ...
စကားနဲ့ အသိအမှတ်ခံရမှုကို ရနိုင်ပေမဲ့ တကယ်ဂုဏ်သိက္ခာက[illegible]ဘာ့ စကားနောက် တရားပါပြောသလို လုပ်ပြမှရမယ်။

* စကားဟာ...
စကားနဲ့ တဏှာပေမကို ဆွနိုင်ပေမဲ့ စကားနဲ့သာ တဏှာပေမလိုချင်ဆန္ဒမရဘူး။

* စကားဟာ...
စားချင်တာကို စကားနဲ့ ပြောပြတဲ့အခါ စားရတဲ့အခါရှိပေမယ့် စကားနဲ့ပြောပြလို့ မစားရတဲ့အခါလည်း ရှိတယ်။ စကားဟာ စားစရာမဟုတ်ဘူး။ စကားနဲ့သာ ကိုယ်ကကျွေးလို့လည်း မရဘူး။

* စကားဟာ...
ဆုံးမစကားရဲ့ တန်ဖိုးဟာ ရွှေငွေထက် အဖိုးတန်တယ်ဆိုပေမဲ့ ရွှေငွေရုပ်ပစ္စည်းလို ချက်ချင်းသုံးစွဲလို့ မရဘူး။



* စကားဟာ...
ကိုယ်ကျိုးအတွက် အကြိုက်ပေးဖို့ပြောနိုင်ပေမဲ့ ယုံကြည်လေးစားမှုကို ပြောရုံနဲ့ မရဘူး။

* စကားဟာ...
စကားနဲ့ ပစ္စည်းတစ်ခုကို ငှားရမ်းနိုင်ပေမဲ့ စကားနဲ့ ပစ္စည်းကို ပိုင်လို့ မရဘူး။

* စကားဟာ...
စကားနဲ့ စိတ်ရောဂါကို ကုလို့ သက်သာရာရတတ်ပေမဲ့ ရောဂါ လုံးဝပျောက်အောင် စကားတစ်ခုတည်းနဲ့ မရဘူး။

* စကားဟာ...
စကားကတစ်ဆင့် (ဟောပြောပွဲ)မှတစ်ဆင့် ဗဟုသုတရတတ်ပေမဲ့ နားက ကြားတဲ့စကားကို လက်က ပြန်ရေးပြတတ်ဖို့ မလွယ်ဘူး။

* စကားဟာ...
စကား စကားပြောပါများ စကားထဲက ဇာတိကပြဆိုပေမဲ့ စကားကြည့်ရုံနဲ့ ထိုသူ၏လျှို့ဝှက်ချက်အားလုံးကို မသိနိုင်ဘူး။

* စကားဟာ...

စကားနဲ့ စိတ်ချမ်းသာအောင် လုပ်နိုင်ပေမဲ့စကားနဲ့ လူမှာ လိုအပ်တဲ့ ရုပ်ဝတ္ထု ပစ္စည်းချမ်းသာအောင် မလုပ်နိုင်ဘူး။

# ငွေကြေးက လုပ်မပေးနိုင်တဲ့ကိစ္စတွေ

* ငွေဟာ...

ငွေဟာ စားစရာ သောက်စရာတွေကို ဝယ်လို့ရနိုင်ပေမဲ့ စားချင်စိတ်ကိုတော့ ဝယ်လို့ မရနိုင်ဘူး။

* ငွေဟာ...

ငွေဟာ ဆေးဝါးတွေကို ဝယ်လို့ ရနိုင်ပေမဲ့ ကျန်းမာရေးကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ...

ငွေဟာ ပျော်စရာ ဖျော်ဖြေရေးတွေကို ဝယ်လို့ ရနိုင်ပေမဲ့ အပူအပင်ကင်းတဲ့ ပျော်ရွှင်မှုကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ...

ငွေဟာ နားခိုရာတွေကို ဝယ်လို့ ရနိုင်ပေမဲ့ စိတ်ဓာတ်သန့်စင်မှုကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

## မိးနှင့်တူသောစကား

* မိုးပေါ်ဆရင် ဆုံးရှုံးတယ်၊ စကားပေါ်ဆရင် ဆုံးရှုံးတယ်။
* မိုးဟာ သုံးတတ်ရင် မိတ်ဆွေ၊ စကားဟာ ပြောတတ်ရင် မိတ်ဆွေ။
* မိုးကို မသုံးတတ်က ရန်သူ၊ စကားမသုံးတတ်၊ မပြောတတ်က ရန်သူ။
* မိုးကျွမ်းရင် အမည်းအမှတ်ထင်တယ်။ စကားကျွံရင် နုတ်မရတော့ဘူး။
* မိုးကို သူ့အပူချိန်နဲ့သူသာ ပြုလုပ်၊ စကားကိုလည်း သူ့နေရာနှင့်သူသာ သုံးရတယ်။
* မိုးက အတိုက်ခံတတ်။ စကားနှင့်လည်း တိုက်ခိုက်လို့ရ။



* မိုးငြိမ်းတဲ့အခါ အေးသလို၊ စကားပြောလည်တဲ့အခါ အဆင်ပြေ။
* မိုးကို သတိပြု၊ စကားကို သတိပြု။
* မိုးကြောင့် မန်ကောင်တဲ့ အသားတွေ စားနိုင်။ စကားကြောင့် ကောင်းမွန်တဲ့အရာတွေ ရရှိ။
* မိုးလောင်လို့ ပြာကျပြီး ဘဝပြောင်းတာ ရှိသလို စကားပျက်လို့ ဘဝပျက်တာမျိုးလည်း ရှိတယ်။
* မိုးကို ပူလောင်အောင် တဖြည်းဖြည်းမွှေးယူရ။ စကားကိုလည်း ကိုယ်လိုရာရောက်အောင် တဖြည်းဖြည်း ပြောယူရတယ်။
* လူတွေဟာ လောကမှာ မိုးကို အမြဲဂရုစိုက်ရ။ လူတွေဟာ လောကထဲမှာ ပြောတဲ့ဆိုတဲ့ စကားကို အမြဲဂရုစိုက်ရ။
* သင့်ကြောင့် ပတ်ဝန်းကျင် မိုးမလောင်ပါစေနှင့်။ သင့်ကြောင့် မိတ်ဆွေအများ စကားမရှုပ်ပါစေနှင့်။
* မိုးဘေးရှောင် မလောင်ခင်တား၊ စကားမရှုပ်အောင် မပြောမီစဉ်းစား။

* များစွာသောထင်းကို အနည်းငယ်သောမီးက ရှို့နိုင်။ ကြီးမားသော ပြဿနာကို ပါးစပ်တစ်ပေါက်၊ လျှာငယ်ကလေးက ဖန်တီးနိုင်။ လျှာဟာ မီး၊ စကားဟာ မီးဖြစ်တယ်။

* ငွေဟာ
ငွေဟာ မိတ်ကပ်တွေအတွက် ဝယ်လို့ရနိုင်ပေမဲ့ သဘာဝ အလှတရားကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ...
ငွေဟာ ချမ်းသာကြွယ်ဝမှုကို ဝယ်လို့ ရနိုင်ပေမဲ့ တန်းတူရည်တူ ဆက်ဆံမှုကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ...
ငွေဟာ စေခိုင်းသူတွေကို ဝယ်လို့ ရနိုင်ပေမဲ့ မိတ်စစ် ဆွေစစ်ကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ
ငွေဟာ ကိုယ်ကျိုးအတွက် အကြိုက်ပေးဖို့ဝယ်လို့ ရနိုင်ပေမဲ့ ယုံကြည်လေးစားမှုကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ...
ငွေဟာ မွေ့ရာ၊ ခုတင်တွေကို ဝယ်လို့ ရနိုင်ပေမဲ့ အိပ်ပျော်မှုကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။



* ငွေဟာ...
ငွေဟာ စိမ်ခံပစ္စည်းတွေကို ဝယ်လို့ ရနိုင်ပေမဲ့ အပူအပင်ကင်းတဲ့ ဝမ်းမြောက်မှုကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ...
ငွေဟာ အိမ်တွေယာတွေကို ဝယ်လို့ ရနိုင်ပေမဲ့ ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ရာအဖြစ်ကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ...
ငွေဟာ စာအုပ်စာတမ်းတွေကိုဝယ်လို့ ရနိုင်ပေမဲ့ ဦးနှောက်ကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* ငွေဟာ...
ငွေဟာ တဏှာပေမကို ဝယ်လို့ ရနိုင်ပေမဲ့ အချစ်စစ် အချစ်မှန်ကိုတော့ ဝယ်လို့ မရနိုင်ပေဘူး။

* စကားပြောရာမှာ...
စကားတတ်တိုင်း၊ လိုတာထက် ပိုပြီး ရှည်ရှည်လျားလျား၊ သွယ်သွယ်ဝိုက်ဝိုက် ပြောပြန်လျှင်လည်း လိုရင်းမရောက်ဘဲ ဆိုလိုရင်းမပေါ်ဘဲ ကိစ္စမပြီး အကျိုးမရှိ ဖြစ်နိုင်ပါတယ်။

* စကားပြောရာမှာ...
လိုအပ်သလောက်သာ မယုတ်မလွန်ပြောဆိုသင့်တယ်။

စကားပွားတာ၊ စကားရှည်တာတွေကို လူတွေ မနှစ်လိုကြပါ။ စကားများ တယ်၊ လျှာရှည်တယ်ဟု အပြစ်တင်မခံရစေနှင့်။

* စကားပြောရာမှာ...
လောကမှာ စကားများ လျှာရှည်သူရှိသလို စကားနည်းနှုတ်ဆိတ်သူလည်း ရှိတယ်။ စကားပြောကောင်းသူရှိသလို ညံ့သူလည်း ရှိတယ်။

* စကားပြောရာမှာ...
မပြောသင့်တဲ့အရာမှာ နှုတ်ဆိတ်နေရမှာ ဖြစ်ပြီး ပြောရမယ့်အရာမှာလည်း ပြောသင့်ပြောထိုက်သည်လောက် ပြောရမှာ ဖြစ်တယ်။

* စကားပြောရာမှာ...
လူတိုင်း လူတိုင်းဟာ အလုပ်သဘောအရ စကားမပြောမဖြစ်၍ ပြောရသလို မိမိကိုယ်တိုင်က ပြောချင်ဆိုချင်သောကြောင့် ရင်ဖွင့်ပြောကြရတာလည်း ရှိပါတယ်။

* စကားပြောရာမှာ...
စကားပြောကောင်းတဲ့သူဟာ အကြောင်းကိစ္စတိုင်း၌ လိုရင်းကို မှန်ကန်တိကျစွာ ပြောနိုင်တယ်။ ကြားရသူတစ်ဖက်သားက အကြောင်းအကျိုး ညီညွတ်ဆီလျော်သည်ဟု လက်ခံတယ်။ ကြားရသူစိတ်နှလုံး၌ 'ထိအောင်' 'ငြိအောင်'



စကားလုံးဖြင့် ဆွမ်းဆောင်နိုင်တယ်။ ကိုယ့်စကားကို ကြားနာရသူအဖို့ စိတ်အနှောင့်အယှက်ကို မဖြစ်စေဘဲ လိုလားနှစ်သက်စွာဖြင့် နားထောင်၍ မငြီးဟု စိတ်ခံစားမှု ဖြစ်စေတယ်။

* စကားပြောရာမှာ...
စကားပြောညံ့တဲ့သူဟာ ဆိုလိုရင်းမပေါ်နိုင်အောင် စကားကို ဝေ့လည်ကြောင်ပတ် ရှုပ်ရှုပ်ထွေးထွေး ပြောတတ်တယ်။ ဆိုလိုရင်းကို မသိနိုင်သဖြင့် ကြောင်းကျိုးညီညွတ် ဆီလျော်မှု ရှိမရှိလည်း မဆုံးဖြတ်နိုင်။

* စကားပြောရာမှာ...
အပြောကောင်းသူကို လူတွေ သဘောကျကြတယ်။ အပြောကောင်းသူရဲ့ စကားကိုနှစ်လိုစွာ စကားနားထောင်ကြတယ်။ လူအချို့ဟာ အပြောကောင်းလို့ပင် ဂုဏ်တက်နေကြတယ်။

* စကားပြောရာမှာ...
စကားပြောရာမှာ တစ်ကြိမ်တည်းဖြင့် ရှည်လျားစွာ မပြောသင့်ပါ။ ပြောရမယ့် အလှည့်ကျမှ တိုတိုရှင်းရှင်း လိုရင်းကိုသာ ပြောသင့်ပါတယ်။

* စကားပြောရာမှာ...
စကားပြောရာမှာ အများအတွက်သာ အဓိက ရည်ရွယ်ချက်ထားပြီး ပြောကြားရမယ်။ မိမိရဲ့အကျိုးအတွက် ပြောဆိုနေ

တဲ့တိုင် အများက နားလည်သဘောပေါက်အောင် စိတ်ဝင်စားလာအောင် ပြောကြားတတ်ရပါမယ်။ အများအတွက် ကိုယ်ချင်းစာနာ၍ အများရဲ့ ရှုထောင့်မှ နေ၍ ကြည့်ကာ စကားပြောတတ်ရပါမယ်။

* စကားပြောရာမှာ...
စကားပြောရာမှာ တိုရှင်းလိုရင်းသို့ ရောက်ပါစေ။ ကြည်လင်ပြတ်သားပါစေ။ လူမျိုးစုံနှင့် တွေ့ကြုံရမည်ဖြစ်၍ အစွမ်းကုန်သည်းခံတတ်ပါစေ။

* စကားပြောရာမှာ...
ကိုယ့်ကို တစ်စုံတစ်ယောက်သောသူက ပျင်းရိငြီးငွေ့ဖွယ်ရာ စကားများကို ပြောကြားနေစေကာမူ စိတ်ပါဝင်စားစွာ နားထောင်တတ်ပါစေ။

* စကားပြောရာမှာ...
စကားပြောရာမှာ သူတစ်ပါး စိတ်ဝင်စားဖွယ်ကောင်းအောင် ပြောကြားရန် လိုအပ်ပါတယ်။

* စကားပြောရာမှာ...
စကားပြောရာမှာ မိမိလိုချင်ဆန္ဒကို ဦးတည် အဓိကထားပြောပါ။ မျက်လုံးက နားထောင်သူထံ၌သာ ကြည့်၍ ဘည်ငြိမ်စွာ ရှိပါစေ။



* စကားပြောရာမှာ...
စကားပြောရာမှာ မျက်နှာကျက်သို့ လည်းကောင်း၊ ထရံသို့ လည်းကောင်း၊ ပြတင်းပေါက်သို့ လည်းကောင်း၊ စားပွဲသို့ လည်းကောင်း ကြည့်၍ စကားပြောခြင်းမျိုး လုံးဝ မပြုလုပ် သင့်ပါ။

* စကားပြောရာမှာ...
စကားပြောရာမှာ ရှင်းလင်းပီသပြတ်သားစွာဖြင့် ပြောပါ။ အများကြားလောက်ရုံ အသံဖြင့် ပြောပါ။

* စကားပြောရာမှာ...
စကားပြောရာ၌ မိမိတို့၏ ပင်ကိုအာဝဇ္ဇာန်း အခြေအနေအရ အဆင်ပြေသလို ပြောပါ။

* စကားပြောရာမှာ...
စကားပြောရာ၌ အယဉ်ကျေးဆုံးသော စကားလုံးများဖြင့် ခင်မင်ရင်းနှီးစွာဖြင့် ပွင့်လင်းစွာပြောပါ။ ဘန်းစကားများ ပျက်တီးပျက်ချော်စကားများ လုံးဝမပြောပါနှင့်။ ဟာသ ပြောလိုလျှင် အနှစ်သာရရှိရှိ အဓိပ္ပာယ်ရှိရှိပြောပါ။

* စကားပြောရာမှာ...
စကားပြောရာ၌ အရုပ်တစ်ရုပ်က ထ၍ စကားပြောနေသည့် ပုံစံမျိုးဖြင့် မပြောပါနှင့်။ မိမိရဲ့ မျက်နှာအမူအရာ၊ လက်အမူ

အရာ၊ ကိုယ်ဟန်အမူအရာ၊ အားလုံးတို့မှာ အသက်ဝင်လှုပ်ရှား စိတ်ပါဝင်စားမှု ရှိပါစေ။ သို့သော် သူတစ်ပါးမျက်စိနောက်လောက်အောင် လှုပ်ရှားသောအမူအရာမျိုး မဖြစ်စေရန် သတိပြုပါ။

* စကားပြောရာမှာ...

စကားပြောကြားခြင်းမှာ မိမိ၏ခံစားချက်များ၊ စိတ်ပါဝင်စားမှုများ၊ ယူဆချက်များ၊ မိမိ၏ ဆန္ဒများ၊ နောက်ခံအခြေအနေများ၊ မိမိ၏ လုပ်နည်းလုပ်ဟန်များ၊ အတွေ့အကြုံများနှင့် စိတ်နေသဘောထားများကို အကောင်အထည်ဖော် ဖွင့်ဆိုချက်များပင် ဖြစ်တယ်။

* စကားပြောရာမှာ...

စကားပြောရာမှာ အချိန်ကိုလေးစားပါ။ အချိန်တန်ဖိုးထားပြီး အချိန်မီရန် အရေးကြီးပါတယ်။ ကိုယ့်အချိန်ကိုလည်း အလဟဿမကုန်စေနဲ့။ သူများအချိန်ကိုလည်း အလဟဿမကုန်ပါစေနဲ့၊ ဦးစွာပြောရမှာကို ဦးစွာပြောပါ။ နောက်မှပြောရမှာကို နောက်မှပြောပါ။ အချိန်လေ[illegible]းမှ စကားလည်းကောင်းတယ်။

* စကားပြောရာမှာ...

နှစ်ခွန်းသာပြောဆိုပါ။ အနိုင်းမဲ့သော ဘုရားဗုဒ္ဓမြတ်စွာက [illegible]နှစ်ခွန်းနှစ်မျိုးသာ ပြောဆိုခိုင်းပါတယ်။



ဘုရားရှင်က အဘယမင်းသားကို မိန့်တယ်။ ဗုဒ္ဓမြတ်စွာဝေဠုကန်ဂတ္တာနာဋပုတ္တရဲ့ အကြံပေးမှုနဲ့ လျှောက်မေးခဲ့ရာက ဖြေခဲ့တာ ဖြစ်တယ်။

စကား (၆) ခွန်းမှာ (၂)ခွန်းပဲ ပြောရမယ်တဲ့။

၁။ မဟုတ်မမှန်၊ အကျိုးစီးပွားနှင့် မစပ်၊ သူတစ်ပါးတို့ မနှစ်သက်၊ ထိုစကားမျိုးလည်း မပြောဆို။

၂။ ဟုတ်မှန်တယ်၊ အကျိုးစီးပွားနှင့် မစပ်။ သူတစ်ပါးတို့ မနှစ်သက်၊ ထိုစကားမျိုးလည်း မပြောဆို။

၃။ ဟုတ်မှန်တယ်၊ အကျိုးစီးပွားလည်း စပ်တယ်။ သူတစ်ပါးတို့ မနှစ်သက်၊ ထိုစကားမျိုး အခါအားလျော်စွာ ပြောဆို။

၄။ မဟုတ်မမှန်၊ အကျိုးစီးပွားလည်း စပ်၊ သူတစ်ပါးတို့ နှစ်သက်၊ နှစ်ခြိုက်တယ်။ ထိုစကားမျိုး မပြောဆို။

၅။ ဟုတ်မှန်တယ်၊ အကျိုးစီးပွားနဲ့ မစပ်၊ သူတစ်ပါးတို့ နှစ်သက် နှစ်ခြိုက်တယ်။ ထိုစကားမျိုး မပြောဆို။

၆။ ဟုတ်မှန်တယ်၊ အကျိုးစီးပွားနှင့် စပ်တယ်။ သူတစ်ပါးတို့လည်း နှစ်သက်တယ်။ ထိုစကားမျိုး ပြောဆိုတယ်။

* မုသာဝါဒ အင်္ဂါ (၄) ချက်ဟာ အတထံဝတ္ထု၊ အမှုမမှန်ခြင်း၊ ဝိသံဝါဒနစိတ္တံ၊ အလွဲအမှားကို သိစေလိုသောစိတ်ရှိခြင်း။ တဇ္ဇောဝါယာမော၊ ထိုစိတ်အလျောက် ပြုလုပ်ပြောဆိုခြင်း။ တဒတ္တဝိဇာနနံ၊ တစ်ဖက်သားအမှားကို အမှန်အနေနှင့် ယုံကြည်သိမှတ်ခြင်း။

ဤ(၄)ချက်သော အင်္ဂါနှင့် ပြည့်စုံလျှင် မုသာဝါဒကံထိုက်တယ်။

* ပါးစပ်က လိမ်ညာပြီး မုသားမဟုတ်မမှန်တာ ပြောမှသာ မုသားပြောတာမဟုတ်၊ မျက်စိမှိတ်ပြ၍ လိမ်ခြင်း၊ ခေါင်းညိတ်ပြ၍ လိမ်ခြင်း၊ လက်ဟန်ခြေဟန်ပြ၍ လိမ်ခြင်း၊ စာရေး၍ လိမ်ခြင်း စသော နည်းပရိယာယ်အမျိုးမျိုးဖြင့် လိမ်ခြင်း၊ ညာခြင်း၊ ဝါကြွားခြင်းကလည်း မုသာဝါဒချည်းဖြစ်တယ်။
* လူတစ်ယောက်မှာ မွေးရာပါ ပင်ကိုစိတ်ရင်းဆိုတာ ရှိတယ်။ လူတစ်ကိုယ် စိတ်တစ်မျိုး။ အဲသည်စိတ်နဲ့ စကားပြောကြတာ များပါတယ်။
* စိတ်လှုပ်ရှားတယ်ဆိုတဲ့ သဘောဟာ စိတ်မတည်ငြိမ်ခြင်းကို ပြတယ်။ စိတ်မတည်ငြိမ်တဲ့အခါ ဆုံးဖြတ်ချက်တွေမှားယွင်းသွားတတ်တယ်။ စိတ်ဆုံးဖြတ်ချက်မှားတာနဲ့ စကားတွေလည်း လိုက်မှားတော့တာပဲ။ အဲသည်လို စကားမမှားမိအောင် စိတ်လှုပ်ရှားမှုကို ထိန်းချုပ်တတ်ဖို့ လိုတယ်။
* စိတ်ချမ်းသာအောင် လူတိုင်းအပေါ် မေတ္တာထားနိုင်ရမယ်။ မေတ္တာထားနိုင်တာနဲ့အမျှ နှုတ်ထွက်စကားတွေဟာ အေးမြနေတော့တာပဲ။ မှန်နေတာပဲ။ မုသားမပါဘူး။



* အကြင်သူသည် မိမိကိုယ် သက်သေထား၍ မေးအပ်သည်ရှိသော် မိမိဟူသော အကြောင်းကြောင့် လည်းကောင်း၊ သူတစ်ပါးဟူသော အကြောင်းကြောင့် လည်းကောင်း၊ ဥစ္စာဟူသော အကြောင်းကြောင့်သော် လည်းကောင်း မုသားဆို၏။ ထိုသူကို သူယုတ်မာဟူ၍ သိရာ၏။ (ခုဒ္ဒကပါဌ ပါဠိတော်၊ ဥရဂဝဂ်၊ ဝသလသုတ်)
* အမှန်စကားပြောကြားခြင်း တစ်ရာတစ်ခုကို ပယ်စွန့်၍ မဟုတ် စကားပြောကြားခြင်း၊ မုသာဝါဒ၌ တည်ကြလျက် တမလွန်လောက၌ ရရှိခံစားကြရမည့် လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာတရားကို ကျော်လွှားစွန့်ပယ်ပြီးဖြစ်ကြမည့် မုသာဝါဒသမားတို့အဖို့မှာ သူတို့ မပြုဝံ့သော မကောင်းမှုဟူ၍ မရှိတော့ပြီ။
(မဟာဗုဒ္ဓဝင်၊ တတိယတွဲ၊ စာ-၆၀၈)
* သူတစ်ပါးရဲ့စကားကို ကောင်းစွာ နားစိုက်ပါ။ သူပြောသမျှတို့ကို အစဉ်အတိုင်း မှတ်သား၍ ကောက်ချက်ယူပြီးမှ ပညာဂုဏ်ဖြင့် ဆင်ခြင်၍ ပြန်လည်ချေပပြောဆိုခြင်းသာ အမှန်ကို ရောက်နိုင်တယ်။
* လူတွေဟာ စကားဝိုင်းမှာ ကိုယ့်အကြောင်းကိုသာ ဦးစားပေးပြီး ပြောချင်ကြတဲ့ သဘောရှိလို့ သင်က စပေးပြီး သူ့ရဲ့

အကြောင်းများကို လေးစားစွာ နားထောင်မှတ်သားပါ။ အဲသည် လိုပြောရင် နားထောင်ရင် သင်နှင့် အလွန်းသင့်သူဖြစ်လာပြီး သင်က သူရဲ့ဘဝဖြစ်စဉ်ကို စိုးပိုင်သူ၊ သိထားသူ ဖြစ်လာမယ်။

* သင်တို့စကားပြောကြရာမှာ စံနမူနာပြပင်ဖြစ်စေ၊ မိမိကိုယ်ကို ထည့်သွင်းစကားမဆိုပါနှင့်၊ တစ်ဖက်သားနားလည်လွယ်အောင် သဘောပေါက်အောင် စေတနာထားပြီး မှုဉပမာထားပြကာ ပြောဆိုခြင်းပြုပါ။

* လူဟူသည် ကမ္ဘာအစကပင် စကားကို အကျယ်ချဲ့ထွင်ပြောတတ်ခြင်း၊ စကားကူးလူးပို့ဆောင်ဖြန့်ချိတတ်ခြင်း၊ သူတစ်ပါးအကြောင်းကို ချဲ့ထွင်၍ ထင်သလိုပြောတတ်ခြင်းများမှာ ကမ္ဘာတွင် လူတို့ မဆိတ်မသုဉ်းမချင်း ရှိနေမှာသာဖြစ်၍ သင်ရဲ့လျှို့ဝှက်ချက်ကို ဘယ်သူမှ ယုံပြီး မပြောပါနှင့်။

* လောကတွင် အမြင်အဆိုးဆုံးမှာ မရိုမသေ မလေးမစားပြုမှုပင် ဖြစ်သလို နားကြားအဆိုးဆုံးမှာလည်း မခန့်လေးစား၊ ထေ့ငေါ့စောင်းရွဲ့ ပြောဆိုသံပဲ ဖြစ်တယ်။

* ချောပြစ်ကုန်းတိုက်တဲ့ စကားကို ပြောတတ်သူဟာ အခြားသောပြစ်မှုများကိုလည်း ကျူးလွန်ရန် အသင့်ရှိသူ၊ မယုံကြည်ရသူ ဖြစ်နိုင်လေတယ်။



* စိတ်ရင်းကောင်းရှိလျက် အပြင်အမူအရာ ကြမ်းတမ်းခြင်း၊ အပြောအဆိုမတတ်ခြင်းဟာ စိန်ရိုင်းနဲ့တူတယ်။

စိန်ရိုင်းဟာ မြေကြီးအောက်မှာသာနေရတတ်တယ်။ အရာမဝင်။ သွေးပြီး၍ အရောင်တင်ထားသောစိန်မှသာ မွန်မြတ်သော နေရာကို ရောက်နိုင်တယ်။

* စာများများဖတ်၍ မှတ်သားခြင်း၊ စာများများရေးသားခြင်း၊ စကားပြောဟောလေ့ရှိခြင်းတွေဟာ တိုးတက်တဲ့ အသိဉာဏ်ကို ရနိုင်လေတယ်။

* သူတစ်ထူးအကြောင်းကို အတင်းပြောတတ်ခြင်း မရှိရုံမက သူတစ်ပါးပြောလာခြင်းကိုပင် လက်မခံသောအကျင့်ရှိသူမှသာ မိမိ၏စိတ်ဓာတ်နှင့် စာရိတ္တကို စိတ်ချရသူ ဖြစ်လေတယ်။

* အပေါင်းအသင်း လူဝင်ဆန့်ခြင်းအတွက် စကားပြောလိမ္မာပြေပြစ်သာယာခြင်းနှင့် ယဉ်ကျေးဖွယ်ရာရှိခြင်းဟာအရေးကြီးသော အချက်ဖြစ်လေတယ်။ ထိုဂုဏ်ရှိသူသာလျှင် လူတိမ်လူနက်(၂)မျိုး ခွဲခြားနိုင်ပြီး ပေါင်းသင့်သူ၊ ခွာသင့်သူကို နားလည်ပေမယ်။

* လောက၌ လူတွေဟာ လျှို့ဝှက်သော စကားကို တစ်ဆင့် မပြောရလျှင် လုံးဝမနေနိုင်သော သတ္တဝါမျိုး မဟုတ်ကြောင်း

ကို သဘောပေါက်ထားရမယ်။ သို့သော် ထိုလူစုထဲမှ တစ်ဦးစ နှစ်ဦးစကိုမူ ချန်လှပ်ထားနိုင်ပါတယ်။

* လောကမှာ လူတွေဟာ စကားမှုရင်းကို ချဲ့ထွင်ခြင်း၊ တိုးဖြည့်ခြင်း၊ နုတ်ထားခြင်းနှင့် မိမိလိုသလို ဆွဲကာ ပြောတတ်ကြခြင်းကိုလည်း နိယာမတစ်ခုအဖြစ် အသိအမှတ်ပြုထားပြီး တစ်ဆင့်ကြားစကားတိုင်းကို သတိဖြင့် ကိုယ်ပိုင်ဉာဏ်ကို ပေးတယ်။

* လူတွေဟာ ချီးမွမ်းစရာရှိလျှင် လျော့ပေါ့၍ ချီးမွမ်းတတ်ပြီး သို့မဟုတ် ပို၍ လွန်စွာ ချီးမွမ်းတတ်လေသေးသည်။ ကဲ့ရဲ့စကားရှိပါမူကား ပိုမို၍သာ ကဲ့ရဲ့လေ့ ရှိပေတယ်။

* တစ်စုံတစ်ယောက်ဟာ ချီးမွမ်းခြင်း မပြုလောက်သောအမှုကို ပြုအံ့၊ ဆိတ်ဆိတ်နေခြင်းသာ အကောင်းဆုံးဖြစ်တယ်။ ချီးမွမ်းစရာရှိပါက တိတိကျကျ ချီးမွမ်းရမယ်။ ရှုံ့ချစရာရှိပါက စိစစ်ပြီးမှသာ ရှုံ့ချရမယ်။

* စကားပြောရာတွင် ထိုသူအား အခြားသူတစ်ယောက်နှင့် နှိုင်း၍ မပြောပါနှင့်။ သို့ပြောမိသောအခါတိုင်း မိမိအား မုန်းသူတစ်ယောက်တိုး၍ လာတတ်ကြောင်း သဘောပေါက်ထားရမယ်။



* သေးနုပ်သိမ်ဖျင်းသော စိတ်ရှိသူတွေဟာ စကားပြောရာမှာ မိမိဂုဏ်ကို အစွမ်းကုန် ဖော်ပြလေ့ရှိတယ်။ ဒါပေမဲ့ သူရတဲ့ အကျိုးမှာ အနည်းငယ်မျှသာဖြစ်ပြီး သူခံစားရမယ့် အပြစ်က စကားထက်ပင် များကြောင်း သဘောပေါက်ထားရမယ်။

* လွယ်လွယ်ဖြင့် 'ဟုတ်ကဲ့' လိုက်တတ်ပြီး ကတိပေးလွယ်တာကို ကြဉ်ရှောင်ရမယ်။ ကတိပေးလွယ်ခြင်း 'ဟုတ်ကဲ့' အလိုက်ကောင်းခြင်းကြောင့် ဒုက္ခသောကများ တွေ့ရတတ်လေတယ်။

* အဘက်ဘက်မှ ပညာဗဟုသုတ အရည်အချင်း Qualification ပြည့်ဝသူသည် စကားပြောရာ၌ လည်းကောင်း၊ စာရေးရာ၌ လည်းကောင်း အနှစ်သာရ ပညာသားပါရှိပြီး တစ်ဖက်သား၌ အကျိုးကျေးဇူးကို ဖြစ်စေ၍ သဘာဝမှ ကိုက်ညီလေတယ်။

* မိမိအကြောင်း၊ မိမိကိစ္စကို ဦးစားမထား၊ မပြောဆိုဘဲ သူတစ်ပါးအကျိုးကို အထူးပြုကာ ရှုကြည့်ပြုလုပ်တတ်ခြင်း၊ အမှန်တရားဘက်မှ အားနာမှုမရှိဘဲ ရပ်တည်ဦးဆောင်ပေးခြင်းများဟာ သင့်အတွက် များစွာတန်ဖိုးနှင့် တန်ခိုးကို ဖြစ်စေတယ်။

* ဆိတ်ကွယ်ရာတွင်ဟူ၍ မလျော်သော အမှုကို မပြုပါနှင့်။ လျှို့ဝှက်အပ်သောစကားကို ဘယ်သူ့ကိုမှ မပြောပါနှင့်။ တစ်စုံတစ်ရာ တစ်ဦးဦးအား ပြောမိလျှင် မုချပြန့်ပွားထင်ရှားလာမှာ ဖြစ်တယ်။

* မဟုတ်မမှန်သောစကားကို ပြောင်လျောင်၍ မပြောတတ်ပါနှင့်၊ သတိရှိရမယ်။ မရိုးသားသော အပြုအမူစကားကိုလ့ကို မပြောမိပါစေနှင့်၊ မြင့်မြတ်သောသဘောရှိသူတွေက သိပြီး ဂုဏ်သိက္ခာပျက်တတ်လေတယ်။

* တစ်စုံတစ်ယောက်အပေါ်၌ တစ်စုံတစ်ရာစကား ကျူးလွန်မိလျှင် တောင်းပန်ခြင်း ပြုရမယ်။ ဝန်လေးနေခြင်း မဖြစ်စေရ၊ စိတ်ထဲတွင်ပါ ရှင်းပစ်နိုင်ရမယ်။ အဲသည်လို စင်ကြယ်မှသာ စိတ်ဓာတ်ဟာ ဖြူစင်ပြီး တန်ခိုးဖြစ်တယ်။

* စကားများ၍ ဆင်ခြေပွား၊ အငြင်းအပျင်းထားလေ့ရှိသူတို့ အတွက် ကြီးပွားတိုးတက်ရေးဟာ မသက်ဆိုင်ဘူး။

* လောကတွင် မည်သည့်အရွယ်ရှိသော ယောကျ်ားမိန်းမပင်ဖြစ်စေ ရယ်စရာ မောစရာအဖြစ် ညစ်ညမ်းသောစကားကို ပျော်စေ၊ ပျက်စေကလက်စေ ဟူသော သဘောဖြင့် ပြောလေ့ ရှိသူများအား လက်မခံအပ်ပေ။ ထိုပျော်ပျက်ဟာ ဘယ်စိတ်ဓာတ်မျိုးကို ဖြစ်စေ ဝင်ပူးဖျက်ဆီးတတ်သည် မှန်၍ အပျက်ကို မလိုလားသူတိုင်း ဖယ်ရှောင်အပ်တယ်။



* အဖျင်းအတင်းပြောဆိုတာကို မပြုဖြစ်အောင် သတိထားကြွပ်ကဲမိခြင်းဟာ စိတ်ဓာတ်ရဲ့ တန်ခိုးကို တိုးတက်စေတယ်။

* လောကမှာ အခံရအခက်ဆုံးသော အချက်မှာ မဟုတ်မမှန်ဘဲ အထင်မှားကာ အစွပ်စွဲခံရခြင်းပင် ဖြစ်တယ်။

* သူတစ်ပါး ဘာပဲထင်ထင်၊ သူတစ်ပါးက ဘာပဲကဲ့ရဲ့ ကဲ့ရဲ့ မိမိအလုပ်၌ ရည်ရွယ်ချက်မှန်ကန်မြင့်မြတ်သော လုပ်ငန်းမှန်ပါက တုံ့ပြန်အမှုထားစရာမလိုပေ။ ဘာကြောင့်လဲဆိုတော့ တကယ်အလုပ်လုပ်သူတွေမှာ ထိုသူတို့ကဲ့သို့ စကားပြောကဲ့ရဲ့နေရန် အချိန်မရမရှိသောကြောင့် ဖြစ်တယ်။

* သင်သည် အပြစ်တင်စကားပြောခံရလျှင် ထိုစကားသည် သင့်အား ဆုံးမသတိပေးသော စကားသာ ဖြစ်တယ်ဟု မှတ်ပါ။ သင် ခံယူတတ်လျှင် ကြီးပွားအောင်မြင်နိုင်တယ်။

* အခါခပ်သိမ်း သူတစ်ပါးအား ပြစ်တင်မောင်းမဲခြင်း မပြုပါနှင့်။ ဆူဆူညံညံမပြပါနှင့်။ အလောတကြီးမပြုကျင့်ပါနှင့်။ အဲဒါ အကျိုးမရှိတဲ့အပြင် အကျိုးတောင် ယုတ်တတ်ပါတယ်။

* တစ်စုံတစ်ယောက်သောသူအား သူ၌ရှိသော အကောင်းဆုံးသော အစွမ်းသတ္တိကို ပြနိုင်အောင် ချီးမွမ်းခြင်း၊ လမ်းဖွင့်ပေးခြင်းနှင့် အားပေးစကားပြောခြင်းပြုပါ။

* စကားများများပြောသူကို စကားနည်းနည်းသာပြော၍ ဆက်ဆံပါ။ စကားနည်းနည်းပြောသူကိုမူ စကားများများပြော၍ ဆက်ဆံရမယ်။

* မဟုတ်မှန်းသိလျက်နှင့် 'ငါ့စကားနွားရ' ပြောလေ့ရှိသော စရိုက်ဟာ လူအချို့တွင် ဝသီဖြစ်၍ နေလေ့ရှိတယ်။

* လောက၌ ဆင်ခြေလဲတတ်သောသူနှင့် သူတစ်ပါးအပြစ်ရှာလေ့ရှိသောသူတို့လောက် ရှုံးနိမ့်သောလူမရှိပါ။

* ပီယဝါစာ၊ ဗဟုသုတ၊ မာနနှိမ်ချခြင်း၊ မှတ်ဉာဏ်၊ အဲဒါတွေက သင့်ကို ရှေ့တန်းပို့လိမ့်မယ်။

* သင်ကြီးပွားတိုးတက်လိုလျှင် (၁) သူတစ်ပါးကျေးဇူးကို အောက်မေ့ပါ။ (၂) အတွေ့အကြုံများပေါ်မှာ သတိထားပြီး သင်ခန်းစာယူပါ။ (၃) လုံ့လဝီရိယနိုးကြားတက်ကြွစွာရှိပါ။ (၄) သူ တစ်ပါးကို ချီးမွမ်းစကားပြောပါ။

* စကားပြောကောင်းခြင်းသည် မိမိမှာ ရှိရမယ့် အရည်အချင်းတစ်ရပ်ပင် ဖြစ်ပေတယ်။ အဲဒါကြောင့် စကားပြောကောင်း



တစ်ဦးရဲ့ လိုအပ်ချက်မှာ စာများများဖတ်မှတ်၍ ဗဟုသုတကို ရှာရပေမယ်။ ဗဟုသုတ မရှိသောသူ၏ လျှာမှ စကားသည် အရသာမပေးနိုင်။

* သိမ်ဖျင်းသော စိတ်သဘောများမှာ စကားရှည်လျားခြင်း၊ ဆင်ခြေလဲလေ့ရှိခြင်း၊ စကားလုပြောလေ့ရှိခြင်း၊ မြူစွငေါ့ထေ့တတ်ခြင်း၊ ရှည်လျားစွာ မြည်တွန်တောက်တီးလေ့ရှိခြင်းများပင် ဖြစ်တယ်။

* နှုတ်မှုဟန်မူရာဖြင့် အဆွေခင်ပွန်းကောင်း ဟုတ်မဟုတ် မသိနိုင်ပေ။ အခက်အခဲ ဘေးဒုက္ခတွေ့ကြုံခြင်း၊ ဆင်းရဲခြင်းရောက်မှသာ မိတ်ဆွေကောင်းစစ်မစစ် ပေါ်ထင်နိုင်လေတယ်။ လက်တွေ့အကျိုးပြုသူ ကူညီခြင်းသာ အမှန်ဖြစ်လေတယ်။

* အလုပ်တစ်ခုကို စတင်၍ အလုပ်မလုပ်ဘဲနှင့် စကားဖြင့် အချိန်မကုန်စေနှင့်။ စိတ်အားထက်သန်စွာဖြင့် ငါအလုပ်လုပ်မည်ဟု ဆုံးဖြတ်ပြီးလျှင် ပြီးခြင်း၊ အလုပ်ကို စရမယ်။ အဲဒါက တောင်ထိပ်ကို စတင်၍ တက်လှမ်းခြင်း ဖြစ်တယ်။

* မိမိရဲ့ကိုယ်ပိုင်စိတ်ဉာဏ်၌ မှန်တယ်ဟု ယုံကြည်ချက်ပြောလုပ်ခြင်းနှင့် မိမိရဲ့အမှားများကို ပြုခဲ့မိ၍ ဟုတ်မှန်တိုင်းသိပြီးသော် ဝန်ချခြင်း၊ ထိုတရား (၂) ပါးကို ပညာရှိသူတော်ကောင်းတွေဟာ ပြုလွယ်ပြုရဲရမယ်။

* သူတစ်ပါးတွေရဲ့ အပြစ်အနာအဆာများနဲ့ ဝှာရားမဲ့ခြင်းများကို ကဲ့ရဲ့လို၍ ပြောတာထက် ကိုယ်တရားမပျက်အောင် ဆင် ခြင်လုပ်နေတာက ပိုကောင်းပါတယ်။

* နောက်ကျခဲ့ပြီးသော နောင်တ တရားသည် မိမိရဲ့ မိုက်မဲ မဆော်မြင်မိသောကြောင့်ပင် ဖြစ်တယ်။ သူတစ်ပါးကို စကား အပြစ်မဆိုပါနှင့်။

* မိုက်မဲသော မလိုလားသူတို့၏ စကားကို ယူမိခြင်းကြောင့် မိမိ၏ မူလ ယုံမှတ်မှုနှင့် လုပ်ငန်းဆောင်တာများ ဆုံးရှုံးခြင်း ဖြစ်ရတတ်လေတယ်။

* စာဖတ်ခြင်းဖြင့် ပြည့်ဝစေပြီး ဆွေးနွေးပြောဆိုမေးမြန်းခြင်းမှာ တက်ကြွဖျတ်လတ်စေလျက် ရေးသားခြင်းက မှန်ကန် တိကျ ပြည့်ဝစေတယ်။ နားထောင်ခြင်းမှ ပညာရရှိစေ၍ စကားပြောဟောခြင်းမှ နောင်တနှင့် အမှန်ဉာဏ်ထူး ရရှိစေတယ်။

* သင်စကားဝိုင်းတွင် စကားပြောသောအခါ၌ မိမိအကြောင်းကို မပြောမိပါစေနှင့်။ သူတစ်ပါး၏ ကောင်းမွန်သော အကွက်တို့ကိုသာ ဖော်ထုတ်ပြောခြင်းနှင့် စကားမှန်မှန် ပီပီသသပြောဆိုပါ။ အဲသည်နည်းဟာ သင့်အတွက် စကားဝိုင်းတွင် စကားပြော ကောင်းဖြစ်လာပါလိမ့်မယ်။



* လူတွေဟာ ချီးမွမ်းခြင်းကို အလွန်နှစ်သက်ကြတာက မှန်တယ်။ ဒါပေမဲ့ ပြောင်ပြောင်ကြီး ချီးမွမ်းစကား နားမထောင် လိုကြဘူး။ အဲသည်လိုမို့ ချီးမွမ်းစကားက သွယ်ဝိုက်ပြောတာကောင်းတယ်။

* ပီယဝါစာ ချစ်ဖွယ်သော စကားသာလျှင် အပြစ်အနာအဆာကို ဖုံးလွှမ်းတတ်သည် မဟုတ်ပေ။ ယဉ်ကျေးသိမ်မွေ့သော အမူအရာ၊ ခံ့ညားထည်ဝါသော အနေအထိုင်သည်လည်း အပြစ်ကို ဖုံးလွှမ်းပစ်တတ်လေတယ်။

* တည့်မတ်ရိုးဖြောင့်သူနှင့် လိမ်လည်ကောက်ကျစ်သူတို့ ရေရှည်စကားပြောကြလျှင် ကောက်ကျစ်သူသည် ဇာတိပေါ် လာတတ်မြဲဖြစ်လေတယ်။

* အပြောကြီးတိုင်းလည်း အထင်မသေးရာ၊ တကယ်လည်း စွန့်စားဝံ့သူဖြစ်တတ်ပါတယ်။ အပြောမကြီးသူအားလည်း အထင်မကြီးရာ၊ တကယ်လည်း မစွန့်ဝံ့သူဖြစ်တတ်ပါတယ်။

* သိမ်မွေ့သာယာသောစကား၊ သိမ်မွေ့ယဉ်ကျေးသော အမူအရာဟာ ပျော့ပျောင်းခန့်ထည်သော ရွက်ဖြင့်တူတယ်။ မာ၍နေလျှင် ကြီးမားသောသင်္ဘောကို ဆောင်နိုင်မှာ မဟုတ်ဘူး။

* မြို့များ၌ လူတွေဟာ မုသားအသုံးများခြင်း၊ ဟန်ဆောင်ခြင်း၊ မထေမဲ့မြင်ပြုတတ်ခြင်း၊ စကားကြီးစကားကျယ်သုံးခြင်းများကို တွေ့မြင်နိုင်ပေတယ်။ အဲသည်အပြုအမူများဟာ အကျင့်ပါသွားပြီးလျှင် လိုရင်းခရီးမရောက်ဘဲ မိမိတို့ရဲ့ တိုးတက်ရေး၌ တံတိုင်းများသဖွယ် ခြားနားရှိနေတတ်လေတယ်။ လှော်ရင်းပင် လှေနစ်သူများ ဖြစ်လေတယ်။

* ကြီးပွားတိုးတက်လိုသူတွေဟာ စကားပြောကောင်းရုံဖြင့် မပြီးသေးဘူး။ အသက်မွေးဝမ်းကျောင်း အတတ်ပညာ အဓိကတစ်ခုထားရှိပြီး အပိုနှစ်မျိုး သုံးမျိုးက တတ်ထားရမယ်။ လူပေါင်းမတတ်သော လူကြီးက ကလေးပင် ဖြစ်လေတယ်။

* လူအများဟာ စကားဝိုင်းမှာ စကားကိုလုပြီး ပြောတတ်ကြခြင်းနှင့် မိမိအကြောင်းကိုထည့်၍ ပြောတတ်ကြခြင်းကို အကျင့်ကြီးပါနေတတ်တယ်။ စကားဝိုင်းမှာ စကားပြောကောင်း ဖြစ်လိုလျှင် သူတို့ပြောသမျှကို လေးနက်စွာ နားထောင်ပြီး ထောက်ခံအားပေးသောအမူအရာ (အင်း) (ဟုတ်ကဲ့) လိုက်၍ပေးပါက စကားပင် မပြောရသော်လည်း သင့်အား စကားပြောကောင်းတယ်လို့ ပြောကြပါလိမ့်မယ်။



* လူအများရဲ့စကားဝိုင်းမှာ အကျည်းတန်မျက်နှာထားဆိုးသူရဲ့ စကားဟူ၍လည်း မပေါ့မဆရာ။ လှပခံ့ညားပြီး မျက်နှာထားချိုသူရဲ့ စကားဖြစ်တိုင်းလည်း မလေးမြတ်ရာ။ စကားရဲ့ အဓိပ္ပာယ်နဲ့ အနှစ်သာရကိုသာလျှင် ဂရုစိုက်ရမှာဖြစ်ကြောင်း သဘောပေါက်ထားရန် လွန်စွာလိုအပ်ပါတယ်။ အဲဒါကြောင့် လူတို့ဟာ တိုတောင်းပေ့စကားဟူ၍လည်း အလကားမမှတ်ပါနှင့်။ ပျော့ပျောင်းယဉ်ကျေးတဲ့ စကားတိုင်းလည်း မယုံထိုက်ကြောင်း စကားပုံ ရှိခဲ့တယ်။

* ကြီးပွားတိုးတက်လိုသူတိုင်းဟာ ခေတ်မီစွာ စကားကောင်းစွာ ပြောတတ်ကြရမည်ဆိုရာဝယ် စကားပီသစွာဖြင့် အပိုဒ်ဝါကျ မှန်ကန်စွာ အဓိပ္ပာယ်မရှုပ်ထွေးအောင် ရှင်းလင်းစွာ ဥပမာနှင့်တကွ တစ်ဖက်သား နားရှင်းလွယ်စိမ့်သောငှာ ပြောတတ်ရမည်ဟု ဆိုလိုတယ်။ အဓိပ္ပာယ်အပြည့်အဝမှာ သူတစ်ဖက်သားရဲ့ စိတ်ဝင်စားနားလည်သဘောပေါက်မှုတို့ ဖြစ်လေတယ်။

* ပရိသတ်မျိုးစုံတို့ကို ရဲဝံ့စွာ ရင်ဆိုင်ပြောဟောနိုင်သော အသိပညာရှင်၊ အတတ်ပညာရှင်ဟာ စင်စစ်လူတို့ကို အစိုးရသူပင် ဖြစ်တယ်။ ထိုအောင်စိတ်၊ မိမိကိုယ်ကို ယုံကြည်မှုပြည့်ဝလာစေရန် မိမိကိုယ်တိုင် ကြိုးစားထားပြီး ဖြစ်၍သာ ထိုသို့ ရဲဝံ့စွာ ရင်ဆိုင်ဟောပြောနိုင်ခြင်း ဖြစ်လေရာ ပရိသတ်

ကို ထိန်းသိမ်းနိုင်လောက်သော အဆင့်အတန်းသာလျှင် တကယ်အစိုးရသူ မဟုတ်ပါလော။

* လူကြီးလူကောင်းဟူသည် မိမိ၏ စကားကို ကျေပွန်အောင် ရွက်ဆောင်ခြင်းပင် ဖြစ်လေရာ ထိုကဲ့သို့ စကားကို ပြော ပြီး မိမိရဲ့စကားကို မိမိတာဝန်မယူသော လူပေါ့ပျက်များကို ကြဉ်ရှောင်သင့်လေတယ်။

* လူ့လောကတွင် လူတွေနှင့် လူတွေလိုပြောတတ်ဖို့ များစွာ လိုလေတယ်။ အပြောအဆို မတတ်ကြသောကြောင့် အချို့ တိုးတက်ကြီးပွားသင့်သူတွေ မိတ်ပျက်၍ အလုပ်ပါ မတတ် ဘဲ နေကြရတယ်။ သာယာချေင်စွာ ပြောဆိုတတ်သော ယဉ်ကျေးမှုမျိုးကို လူတိုင်းနှစ်သက်မြဲ ဖြစ်လေတယ်။ စကားပြောတတ်တိုင်း စကားပြောမလိမ္မာကြောင်း သတိပြု ရမယ်။

* ဒေါသထွက်နေသေးလျှင် စကားမပြောပါနှင့်ဦး။ အလုပ် လည်း မလုပ်ပါနှင့်ဦး။ ဘယ်သူရဲ့နှလုံး[illegible]းမှာမဆို ထို အဆိပ်ကို မျိုသိပ်ပြီး မထားသင့်ဘူး။ ဒေါသနှင့် ပြောတဲ့ စကားက အရက်မူးပြီး ဆဲတာနှင့်တူတယ်။ ဒေါသနှင့် အလုပ်လုပ်ရင်တော့ အရူးတစ်ယောက် အလုပ်လုပ်သလို ဖြစ်တတ်တယ်။



* တောင်းပန်ဝန်ချစကားပြောလျှင်ပင် အပြစ်ဒေါသပြေသော် လည်း အဆိပ်ဒေါသဝပ်၍ နေတတ်တယ်။ ခံရသူမှာ မပြေ နိုင်ဘဲ ရှိတတ်တယ်။ ဒါပေမဲ့ တောင်းပန်ဝန်ချစကားကြောင့် ဒေါသအဆိပ်ဟာ တဖြည်းဖြည်းပြေသွားတယ်။

* လောက၌ သဌေ[illegible]ါတို့သည် အပြစ်တင်စကားပြောခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းတွေ[illegible]ကို မခံချင်ကြဘူး။ ကဲ့ရဲ့ရှုတ်ချအပြစ် ပြောခြင်း၊ စေတနာဖြင့် အပြစ်ထုတ်ဖော်ပြခြင်း၊ အပြုသဘော ဝေဖန်တာဖြစ်ဖြစ်၊ အဲသည်အချက်ကို မိမိသိရှိရပြီးနောက် မိမိအတွက် တကယ်ဟုတ်မဟုတ် အပြစ်ကို ကိုယ်တိုင် ထပ်မံရှာဖွေစိစစ်လျက် ပြုပြင်ရန် လိုအပ်လေတယ်။ အဲသည် အချက်များကို သည်းခံတတ်လေ့ရှိပြီး ဝမ်းမြောက်စွာ ခံယူ တတ်လေ့ရှိရန် ကြိုးစား လေ့ကျင့်ထားရမယ်။ အဲသည်လို အလေ့ရပြီး ပြုပြင်ကျင့်သုံး သွားသူမျိုးသာ လောကမှာ အောင်မြင်ခြင်းနေရာကို ရနိုင်လေတယ်။

* စကား၏ ချိုသာယဉ်ကျေးဖွယ်ရာ မွန်ရည်ပါက အဆိပ်ကို ပင် တိုက်သော်လည်း သောက်ပေလိမ့်မယ်ဟူသော စကား ဟာ နှုတ်ချိုလျှို့တစ်ပါးဟူသော စကားကို ထောက်ခံလေ တယ်။ သာယာချိုအေးသောစကားဟာ မွှေးကြိုင်သောရနံ့ ဖြစ်၍ ပြုံးရယ်ခြင်းဟာ ပွင့်လန်းသော ပန်းကလေးပင် ဖြစ်လေတယ်။

* လူတွေဟာ ငြိမ်းချမ်းစွာ နေလိုကြပြီး လွှန်မင်းစွာ ချုပ်ချယ်ခြင်းကိုလည်း မနှစ်သက်တတ်ကြဘူး။ ထို့ထက် နာကျည်းသော စကားနဲ့ ခြိမ်းခြောက်မှုမျိုးတို့ကို စက်ဆုပ်တတ်တဲ့အပြင် တော်လှန်ခြင်းကိုတောင် ပြုတတ်ကြလေတယ်။ နာကျည်းတဲ့ စကားကြောင့် စိတ်ကပါ နာစေတယ်။

* မည်သည့်ကိစ္စစကားဖြစ်စေ လေးလေးနက်နက် သတိထား၍ စိတ်အားထက်သန်စွာနှင့် ပီသမှန်ကန်စွာပြောပါ။ စိတ်တွင်လည်း လေးနက်စွာထားပါ။ ပေါ့ဆစွာ ပြုမူပြောဆိုခြင်းကြောင့်သာလျှင် အကျိုးပျက်စီးနိုင်လေတယ်။ လေးနက်ခြင်းက သေချာခြင်းအကျိုးကျေးဇူးကို ရနိုင်လေတယ်။

* သူတစ်ပါးမခံချင်မှာစိုး၍ အလိုက်သင့်စကားပြောဆိုခြင်း၊ သူတစ်ပါး မခံမရပ်ဖြစ်မှာစိုး၍ မှန်ရာစကားကို မပြောဘဲ နေခြင်း၊ ထင်ယောင်ထင်မှားဖြစ်အောင် မသေမချာစကားပြောခြင်း၊ ဆင်ခြေရှောင်ခြင်း၊ ဝိနည်းရှောင်ခြင်း၊ ပိုမိုချဲ့ထွင်ခြင်း သဘောမကျဘဲလျက် သဘောကျဟန်နှင့် ခေါင်းညိမ့်နေခြင်း၊ သဘောတူ သဘောကျသလိုလို မျက်နှာထားခြင်း၊ မသိဘဲလျက် သဘောမပေါက်ဘဲလျက် အားနာ၍ သိဟန်သဘောပေါက်ဟန်ဆောင်နေခြင်း၊ အားနာတတ်ခြင်းတွေဟာ အနှစ်မရှိသူများရဲ့သဘော ဖြစ်တယ်။



* သူတစ်ပါးမုန်းခြင်း၊ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ စကားတင်းဆို အပြစ်ပိုပြောခြင်း စသည်တို့ကို ဂရုစိုက်နေစရာမလိုပေ။ မိမိအလုပ်ကောင်း၍ စိတ်ထားကောင်းဖြင့် ကောင်းမြတ်သော တန်ခိုးရောက်လာလိမ့်မယ်။ ရဲဝံ့စွာ လုပ်ရမယ်။

* ကိစ္စတစ်ခုခုကို စတင်ရွက်ဆောင်မိပြီး စကားတစ်ခုကို စမိပြီဆိုလျှင် အစ၏ ကောင်းခြင်း။ အလယ်၏ ကောင်းခြင်းနှင့် အဆုံးနိဂုံး၏ ကောင်းခြင်းများထိအောင် ပြုလေ့ပြုထရှိသောသူ သည်သာလျှင် အဘယ်မျှ ကြီးသော လုပ်ငန်းပင်ဖြစ်စေ နိဂုံးထိအောင် ရွက်ဆောင်နိုင်စွမ်း ရှိလေတယ်။

* ယဉ်ယဉ်ကျေးကျေးစကားပြောတတ်၊ ပြုမူတတ်ရန် လွန်စွာ အရေးကြီးပါတယ်။ ထို့ထက် စိတ်ဓာတ်ကောင်းကောင်းဖြင့် ကြိုးစားခြင်းရှိဖို့ လိုအပ်ပါတယ်။

* ညစ်ညမ်းသောစကား၊ အဖျင်းအပျက်စကားများစွာ ပြောတတ်သူကို သတိထားပြီး ကြဉ်ရှောင်သင့်တယ်။ အဲသည်စကားဆိုသူမှာ အဲသည်အကျင့်ဆိုးရှိတယ်ဟု ပြောဆိုခြင်းပင်ဖြစ်တာကြောင့် အမြန်ဆုံး ကြဉ်ရှောင်ရမယ်။

* အဖျင်းအပျက်စကား၊ ညစ်ညမ်းသောစကားကြမ်းကို ပြောလွန်းသောသူများနှင့် အံ့ပုံးကုတ်ကမြင်းများသည် ရင်းနှီးလွန်းသယောင်ပေါင်းသင်း၍ အိမ်သို့ အဝင်အထွက်ရှိသူများကို

သတိထားကြရမယ်။ အထူးသဖြင့် သားပျို၊ သမီးပျိုနှင့် မယားချောရှိသူများ ပိုပြီး သတိကြီးရန် ဖြစ်တယ်။

* ပန်းသည် ပွင့်မှသာ မွှေး၍ လှပလေတယ်။ လူဟာလည်း အပြုံးပန်းကို ပွင့်စေပြီး သာယာခံ့ညားသောစကားဖြင့် မွှေးစေရာတယ်။

* ကိုယ်က ရယ်မောဖွယ်ပြောပြီး ကိုယ်တိုင်က လိုက်လှဲစွာ မရယ်မိပါစေနှင့်။ ကိုယ်က ပြောသူသာဖြစ်တယ်။ ရယ်မောရမယ့်သူမဟုတ်ကြောင်း ခွဲခြားသိမြင်ပါ။ အဲသည်အပြင် အချက်ကျကျ ပြောသွားရန်နှင့် လိုအပ်ပါက စကားကို ရပ်ထားပြီးမှ ဆက်ပြောသင့်က ပြောပါ။

* စိတ်တိုတောင်းသူ၏ စကားသည် အမှတ်မဲ့ပြောရာ၌ တိုတောင်းမြဲဖြစ်သည်။ ထိုသူရဲ့စကား၏အသံဖြင့် သိနိုင်တယ်။ စိတ်ရိုးရိုးတွင် ဒေါသစိတ် စသော စေတသိက်ဝင်သောအခါ ရေဖြူတွင် အရောင်ဆိုးသကဲ့သို့ပင် ဖြစ်လေတယ်။

* ချိုသာစွာဆိုသော စကားကို တိရစ္ဆာန်များပင် နှစ်သက်သိကြလေတယ်။ နေ့စဉ် နွားနို့ညှစ်နေသော နွားမပင်ဖြစ်စေ ဒေါသစကားကို ဆို၍ ညှစ်ပါက နွားနို့အရနည်းမယ် ဖြစ်တယ်။



* နားထောင်ကောင်းအဖြစ် စကားထောက်အားပေးတတ်သူသည် စကားပြောသမားထက် အမြတ်ရနိုင်တယ်။ စကားနားထောင်ခြင်းမှာလည်း ပညာတစ်ရပ်ပင် ဖြစ်တယ်။

* ပရိသတ်အလယ်တွင် တည်ကြည်စွာ ပြုမူပြောဆိုတတ်ခြင်း၊ တမင်ဟန်လုပ်ခြင်းကင်းသော ခံ့ညားစွာ နေထိုင်တတ်ခြင်းသာလျှင် သိက္ခာကို ဖြစ်စေတတ်တယ်။ ခံ့ညားသော အပြုအမူ အပြောအဆိုဟာ အောင်မြင်ကြီးပွားခြင်းရဲ့ အချက်အလက်များ ဖြစ်တယ်။

* စကားများများပြောခြင်းဖြင့် လူဝင်ဆန့်သည်ဟု မမှတ်ယူအပ်ပေ။ (၁) အသိလိမ္မာပညာဉာဏ်ရှိလျက် စကားနည်းခြင်း။ (၂) အသိအလိမ္မာဉာဏ်မရှိ၍ စကားနည်းခြင်းများ ရှိတယ်။ ဉာဏ်ပညာ Intelligent ရှိသူသည် ပြောသောစကားကို နားလည်လွယ်၍ သိတယ်။ အသိမရှိဘဲ စကားနည်းသူမှာ ပြောသောစကားနက်နဲလျှင် နားမလည်ဘဲ ခေါင်းသာ ညိတ်တတ်လေတယ်။

* စကားပြောကောင်းသူ ပညာရှင်စကားပြောရာတွင် စိတ်ပါဝင်စားစွာ နားထောင်ပါ။ အားပေးသည့်မျက်နှာ၊ လေးစားမှတ်သားသည့် အမိပ္ပာယ်ဖြင့် နားထောင်ပါက ပြောသူ၏ လေးစားခြင်းကိုလည်း ရပြီး မိမိ၌ပင် ပညာအသိတိုးပွားရတယ်။

* ယောကျ်ားအိမ်ထောင်သည်များဟာ

(၁) နားပူနားဆာလုပ်ခြင်းကို မကြိုက်၊

(၂) စကားများ၍ ရှုပ်ထွေးခြင်းကိုလည်း မနှစ်သက်၊

(၃) အိမ်ပူ၊ အိမ်ဆူပြုလုပ်ခြင်းကိုလည်း မလိုလား၊

(၄) အိမ်သူမယား သူတစ်ပါးနှင့် စကားဆိုသည်ကိုလည်း မနာလို၊

(၅) ကြမ်းတမ်းသော အမူအရာ အပြုအမူကိုလည်း မချစ်ခင်၊

(၆) ယုတ်ညံ့စက်ဆုတ်ဖွယ်တို့ကိုလည်း ရွံရှာတတ်လေတယ်၊

(၇) နှုတ်လုံထိုးပက် မခံသာသော စကားခက်တို့ကိုလည်း လက်မခံတတ်သူများဖြစ်ရာ အမျိုးသမီးများဟာ ထိုခုနစ်ချက်ကို သတိပြုသင့်လှပေတယ်။

* အမျိုးသမီးအိမ်ထောင်သည်များမှာ

(၁) ချစ်လင်ရဲ့ ချိုသာစွာ ပြောဆိုပြုမူခြင်းကို အလိုရှိတယ်။

(၂) အိမ်ဟင်း အိမ်ထမင်းတို့ကို ချီးမွမ်းလျက် မြိန်ရှက်စွာ စားစေချင်တယ်။

(၃) တစ်ပါးသောအမျိုးသမီးများနှင့် ရောထွေးခြင်းကိုလည်း မနှစ်သက်။

(၄) ယောကျ်ားမပီသသော အပြုအမူ၊ အပြောအဆိုများကိုလည်း မလိုလား။

(၅) လင်သားနှင့် အိမ်ရာဥစ္စာကို အစိုးရချင်တယ်။



(၆) လုပ်သော အဝတ်တန်ဆာနှင့် ရတနာတို့ကိုလည်း ရလိုတယ်။

(၇) သူ၏ အိမ်တွင်း၌ အစိုးတရ ချယ်လှယ်ခြင်းကိုသာလျှင် အလိုရှိတယ်။

## အစည်းအဝေးမှာ စကားပြောတဲ့အခါ

* ၁။ ပြောစရာဆိုစရာရှိပါက စောစောပိုင်းကပင် စတင်ပြောဆိုပါ။ သို့မှသာ မိမိရဲ့ ကြိုတင်ပြင်ဆင်ထားမှုနဲ့ မိမိရဲ့ ပါဝင်ဆင်နွှဲမှုတို့ကို အများက သိထားမှာ ဖြစ်ပါတယ်။

၂။ ပြောစရာဆိုစရာ အခါသင့်၍ အခွင့်သာတိုင်း အချက်ပိုင်ပိုင် ဝင်ရောက်ဆွေးနွေးပါ။

၃။ အစည်းအဝေးအတွက် အကျိုးရှိစေမယ့်အချက်အလက်များကို အခါအားလျော်စွာ ပွင့်လင်းရင်းနှီးစွာဖြင့် တင်ပြပါ။ မေးခွန်းများပါတဲ့ အချက်အလက်များကိုလည်း အခါအားလျော်စွာ ပွင့်လင်းရင်းနှီးစွာဖြင့် တင်ပြပါ။ မေးခွန်းများပါတဲ့ အချက်အလက်များကိုလည်း လိုအပ်သလို တင်ပြပါ။



၄။ မိမိပါဝင်ဆင်နွှဲမှုကို မေးခွန်းများမေး၍ တစ်မျိုး၊ အကိုးအကားအထောက်အထားများ တင်ပြ၍ တစ်ဖန် အကြံဉာဏ်များပေး၍ တစ်နည်း၊ နှီးနှောဝေဖန်မှုများ ပြု၍ တစ်ကွက်၊ အချက်အလက်များပြ၍ တစ်သီး နည်းအဖုံဖုံဖြင့် အစုံစုံ တင်ပြပါ။

၅။ စကားပြောရာ၌ အချိန်ရှည်လျားစွာယူ၍ မပြောသင့်ပါ။ လိုရင်းကို တိုရှင်းစွာဖြင့် ပြောသင့်ပါသည်။ မကြာခဏ ထ၍ အချိန်အနည်းငယ်စီသာ ယူ၍ ပြောသင့်ပါသည်။

၆။ တစ်စုံတစ်ဦးရဲ့ မေးမြန်းချက်ကို ရှင်းလင်းဖြေဆိုပြီးပါက အစည်းအဝေး၏ အချိန်မကုန်စေရန်အတွက် ရှေ့အစီအစဉ်တစ်ခုသို့ ကူးပြောင်းနိုင်ရန် စီစဉ်ပါ။

၇။ ပြဿနာဖြေရှင်းရေးအတွက် ဆွေးနွေးသော အစည်းအဝေးမျိုးတွင် ပြဿနာကို တင်ပြနေသည့် ပထမပိုင်းဖြေရှင်းရေးကိစ္စများအတွက် ငြင်းခုံဆွေးနွေးမှုများ မပြုပါနှင့်။ ပြဿနာကို ရှင်းလင်းအောင် တင်ပြစေပြီးမှသာ မိမိအမြင်ကို ပွင့်လင်းစွာ တင်ပြပါ။

၈။ ဝိဝါဒကွဲပြားဖွယ်ရာ၊ ငြင်းခုံဖွယ်ရာကိစ္စများကို ဆွေးနွေးကြရသောအခါ ခေါင်းအေးအေးထား၍ ယဉ်ကျေးစွာနှင့် လိမ္မာပါးနပ်စွာဖြင့် တင်ပြဆွေးနွေးပါ။ ဒေါသတကြီးပြောကြားနည်းများကို မည်သည့်အခါမှ မပြုလုပ်ပါနှင့်။

၉။ မိမိ၏ တင်ပြချက်မှာ သဘာဝကျပါစေ။ ယထာဘူတကျပါစေ။ အတွေးအခေါ်မှန်ကန်ပါစေ။ အထောက်အထား သာဓကများ ပြည့်စုံပါစေ။

၁၀။ အများနားလည်လွယ်သော စကားလုံး အသုံးအနှုန်းများကိုသာ သုံးပါ။ အများနားမလည်ဟု ယူဆသောအချက်များကို သေချာစွာ ရှင်းပြပါ။ စကားပြောရာ၌ ရှင်းလင်းပီသပြတ်သားပါစေ။

၁၁။ ဆီမန်းမန်းသကဲ့သို့ တိုးတိုး တိုးတိုးပြောခြင်း၊ တအားကုန် ဟစ်အော်၍ ပြောဆိုခြင်းမျိုးကို မပြုပါနှင့်။

၁၂။ မိမိ၏ ပြောကြားချက်ကို အများက နားလည်လည် အမြဲတစေ အကဲခတ်နေပါ။ လေ့လာနေပါ။ အများနားလည်မှသာ မိမိတင်ပြချက်သည် ထိရောက်မည်ဖြစ်ပါသည်။

၁၃။ မိမိ၏ တင်ပြချက်ကို အများက နားလည်သဘောပေါက် ပြီးပါက ပရိသတ်က မိမိအား ထောက်ခံရန်ဆွဲဆောင်ပြောကြားမှုမျိုးကို လိမ္မာပါးနပ်စွာဖြင့် ပြောကြားပါ။

၁၄။ အများက မိမိ၏ပြောပြချက်ကို စိတ်ပါဝင်စားလာအောင် ဆွဲဆောင်နိုင်နည်းများအနက် တစ်ခုမှာ 'ကျွန်တော်' ဟူသော စကားလုံးထက် 'ကျွန်တော်တို့' ဟူသော စကားလုံးကို အသုံးပြု၍ လူကြီးမင်းတို့၊ မိတ်ဆွေတို့ ဟူသော စကားလုံးများကို အသုံးပြုရမည်ဖြစ်ကြောင်း သတိပြုရပါမည်။ အစည်းအဝေးတစ်ခုလုံး တက်ရောက်သူအားလုံးအား ကိုယ်စားပြုသော အသုံးအနှုန်းများကိုသာ အသုံးပြုရန် သတိပြုကြရပါမည်။



၁၅။ မိမိက တင်ပြရန် အချက်များရှိပါက လက်ရှိစကားပြောနေသူ ပြောကြားပြီးလျှင် ပြီးချင်း၊ ချက်ချင်းထ၍ ပြောပါ။ မိမိက အထနှေးနေပါက အခြားသူတစ်ဦးက သူ၏ယူဆချက်ကို ဝင်ရောက်၍ ပြောကြားသွားပါလျှင် မိမိအဖို့ နစ်နာနိုင်ပါသည်။ သို့သော် တစ်စုံတစ်ဦး စကားပြောနေခြင်းကို ကြားဖြတ်ဝင်ရောက်ပြောကြားခြင်း၊ အနှောင့်အယှက်ပေးခြင်းမျိုးကိုမူ လုံးဝ မပြုလုပ်ရပါ။

* ဤသည်မှာ အစည်းအဝေးတွင် စကားပြောနည်း ဖြစ်ပါသည်။

## နှုတ်မှုနှုတ်ရာ ပြောစကား၊ ဆိုစကား သဘောတရား

* စကားပြောခြင်းကား ဤလောက၌ ကျွန်ုပ်တို့၏ အဓိက အလုပ်ဖြစ်သည်။ ထို့ပြင် ရယူခံစားရန် အလွယ်ကူဆုံး ပျော်ရွှင်မှုလည်း ဖြစ်သည်။ စကားပြောရန်အတွက် ငွေကြေး အရင်းအနှီး တစ်ပြားတစ်ချပ်မလို၊ အားလုံး အမြတ်ချည်းသာ ဖြစ်သည်။ စကားသည် ကျွန်ုပ်တို့၏ ပညာရေးကို ပြီးပြည့်စုံစေသကဲ့သို့ မိတ်ဆွေသင်္ဂဟဖွားများအောင်လည်း ပြုစုပျိုးထောင်ပေးသည်။ ထို့ပြင် စကားပြောခြင်းအရသာကို အသက်အရွယ်မရွေး ခံစားနိုင်သည်။ အဆိုးရွားဆုံး အနေအထားရောက်ရှိနေသူများမှ လွဲလျှင် ကျန်းမာရေးအခြေအနေကောင်းသူမကောင်းသူမရွေး စကားပြောနိုင်ဆိုနိုင်ကြသည်။
(စာရေးဆရာကြီး ရောဗတ်လူးဝစ်စတီဗင်ဆင်)



* သင် မည်ကဲ့သို့ နားထောင်ရမည်ကို သိလျှင် အဆိုးရွားဆုံး ပြောဆိုတတ်သူများထံမှပင်လျှင် အမြတ်ထွက်နိုင်ပေသည်။
(ပလူးတာ့(ခ်)

* စကားများသူများမှာ အလုပ်ကောင်းကောင်းလုပ်သူများ မဟုတ်ကြပေ။
(ရှိတ်စပီးယား)

* ကောင်းသောစကားများသည် ရေအေးထက်ပင် ပိုအေးသည်။
(အင်္ဂလိပ်စကားပုံ)

* နူးညံ့သိမ်မွေ့သောစကားသည် အမျက်ပြေစေတတ်၏။ ကြမ်းတမ်းသောစကားမူကား အမျက်ကို လှုံ့ဆော်တတ်လေသည်။
(ရှောလမုန်မင်းကြီး)

* စကားများသူများသည် ချစ်ခင်မှုကို လိုလားသောကြောင့် ပြောသော်လည်း အမုန်းခံရ၏။ သူတို့အား နှစ်သက်စေလိုသောကြောင့် ပြောသောအခါ ငြီးငွေ့ခြင်းခံရ၏။ သူတို့အား အထင်ကြီးစေလိုသောကြောင့် ပြောသောအခါတွင်လည်း လူ ရယ်ခံရ၏။

သူတို့ကား မိတ်ဆွေများကို ထိခိုက်နစ်နာစေ၍ ရန်သူများကို အကျိုးရှိစေပြီး နောက်ဆုံးတွင် သူတို့ကိုယ်တိုင် သူတို့ ဖျက်ဆီးလိုက်ကြပေတော့သည်။

(ပလူးတပ်ချ်)

* ပညာရှိတစ်ဦးနှင့် စားပွဲတင်စကားတစ်ခွန်းလောက် ပြောရခြင်းသည် တစ်လမျှ စာအုပ်များ ဖတ်နေရခြင်းထက် တန်ဖိုးရှိလှပေ၏။

(တရုတ်စကားပုံ)

* ပြောစရာရှိလျှင်ပြောပါ။ မပြောလို့ မမှားခြင်းက ပြောလို့မှားခြင်းထက် ညံ့ဖျင်းတယ်၊ လူသာလျှင် စကားမှားနိုင်တယ်။ စကားမပြောတတ်တဲ့ တိရစ္ဆာန်တွေဟာ ဘယ်အခါမှ မမှားနိုင်ဘူး။ လူတွေမှာ စကားမမှားဖူးတဲ့သူ မရှိ။

(ပီမိုးနင်း)

* အချိန်မီပြောဆိုသော စကားတစ်ခွန်းသည် တန်ဖိုးအရှိဆုံး ဖြစ်၏။

(ရှေးစကားပုံ)

* ဖြစ်သမျှအကြောင်း အကောင်းလို့ မှတ်တယ်ဆိုတဲ့ စကားဟာ လူဖျင်း၊ လူညံ့တွေရဲ့ စကားပဲ။ အဲ့သည်စကားပြောသူမျိုးဟာ ဘာမျှ ထွန်းကားလာမှာ မဟုတ်ဘူး။ ပြီးတော့ အများအကျိုးဆောင်ချင်သူများလည်း မဟုတ်ဘူး။

(     )



* စကားပြောကောင်းခြင်းဟူသည်မှာ တစ်ဖက်လူသိလိုသမျှ အကုန်မပြောဘဲ အတန်ငယ်မျှ ချစ်၍ ပြောတတ်ခြင်း ဖြစ်သည်။

(ဖရန်လင်ပီဂျွန်)

* အကုသိုလ်မှု၌ ကိရိယာတန်ဆာများရှိရာ မုသားပြောခြင်းသည် တိုကိရိယာအားလုံးနှင့် အံကိုက်မည့် လက်ကိုင်ဖြစ်သည်။

(ဝင်ဒယ်လ်ဟုမ်း)

* လူတစ်ဦးပြောသော စကားများကို စိတ်ပါလက်ပါ နားထောင်ခြင်းသည် ထိုသူအား အကောင်းဆုံး ချီးကျူးခြင်းပင် ဖြစ်၏။

(ဂျက်ဝုဒ်ဖို့)

* မည်သည့်အချိန်တွင် ပြောရန် သိမြင်သူသည် မည်သည့်အခါတွင် ဆိတ်ဆိတ်နေရမည်ကို သိသည်။

(အာခိမိဒီးစ်)

* မုသားစကား၏ သက်တမ်းသည် တို၏။ သစ္စာစကား၏ သက်တမ်းမူကား ထာဝစဉ် ရှည်သတည်း။

(ရှောလမုန်မင်းကြီး)

* စကားပြောချင့်ချိန်ပြော၊ ခြေချော်ရင် ပြန်မတ်လို့ ရတယ်။ လျှာချော်သွားရင် ဘယ်လိုမှ ပြန်လည်ဖုံးလို့မရ။

(ဖလင်ကလင်)

* ချီးမွမ်းစကားဟာ ရေမွှေးပဲ၊ ဒါပေမဲ့ ရှူရှိုက်ဖို့မဟုတ်။

(ချားလ်ဖန်း)

* များများနားထောင်၊ နည်းနည်းပြော။

(ဘီးယားစ်)

* စကားနှင့် လုပ်ရပ်သည် တစ်ခုစီဖြစ်၏။ နားဝင်ချိုသော စကားလုံးများသည် မကောင်းသောလုပ်ရပ်များကို ဖုံးကွယ်ထားသည့် မျက်နှာဖုံးတစ်ခု ဖြစ်သည်။

(စတာလင်)

* စကားများများပြောခြင်းသည် အနှစ်မဲ့ခြင်း၏ သင်္ကေတ တစ်ခုပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စကားချမ်းသာ သူသည် အလုပ်၌ ကပ်စေးနှဲသောကြောင့် ဖြစ်သည်။

(ဆ[illegible]ဝေါ်တာပိုက်)

* ဆုတောင်းခြင်းသည် မိန်းမကြီးတစ်ယောက်၏ အပျင်းပြေ အလုပ်တစ်ခုမဟုတ်ပေချ။ ကျွန်ုပ်တို့၏ နေ့စဉ်အပြုအမူ [illegible] စနစ်ကျမှု၊ ငြိမ်အေးမှုနှင့် တည်ငြိမ်မှုကို ရစေရန်



အတွက် ဆုတောင်းခြင်းသည် တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်။ ယုံကြည်မှုနှင့် ဆုတောင်းမှုမပါသော အလုပ်များ သည် အနံ့မရှိသော စက္ကူပန်းများနှင့် တူပေသည်။ ရှိခိုး ခြင်းနှင့် ဆုတောင်းခြင်းကို နှုတ်ဖျားဖြင့် ပြုရန်မဟုတ်၊ နှလုံးသားဖြင့် ပြုရန်ဖြစ်သည်။ ဆုတောင်းမှုမပါဘဲ အတွင်း သဏ္ဌာန်တွင် ငြိမ်းချမ်းမှု မရှိချေ။ ကျွန်ုပ်တို့၏ အကြီးမား ဆုံးလက်နက်ကား ခပ်မဆိတ် ဆုတောင်းခြင်းပေတည်း။

(မဟတ္တမဂန္ဒီ)

* ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တိုင်း ပတ်ဝန်းကျင်ရဲ့ ချီးမွမ်းမှု ပြစ်တင်ဝေဖန်မှုစကားတွေ သာမန်လူထက် ပိုအပြောခံရစမြဲ ပဲ။ ကြံ့ကြံ့ခံ ကြိုးစားနိုင်မှလည်း အောင်မြင်ပါတယ်။

(အမေရိကန်ရုပ်ရှင် ဒါရိုက်တာတစ်ဦး)

* ဉာဏ်ပညာရင့်ကျက်သူသည် အသိပညာရှိသူဟု ထင်ပေါ် ကျော် စောတတ်၏။ သူသည် နှုတ်ချိုသည်နှင့်အမျှ သူ တစ်ပါးကို ဆွဲဆောင်နိုင်လေတယ်။ အသိဉာဏ်ရှိသူဟာ စကားမပြောမီ စဉ်းစားဆင်ခြင်တတ်၏။ သို့ဖြစ်၍ သူတို့ ပြောသော စကားများသည် လူတို့စိတ်ကို ပို၍ ဆွဲဆောင်နိုင် လေသည်။

(ရှေလမုန်မင်း၏ သုတ္တန်စကား)

* စကားပြောရမယ့် အချိန်ရှိသလို နှုတ်ဆိတ်နေရမယ့်အခါ လည်း ရှိပါတယ်။

(ဗီလျံကက်စ်တန်၊ ၁၄၂၂–၁၄၉၁)

* လျှာကို ထိန်းချုပ်သူဟာ၊ သူ့ဦးခေါင်းကို ကယ်ဆယ်ခြင်း ဖြစ်တယ်။

(ဖရန့်ဒီဇူဇာ)

* စကားမပြောမီ သင့်လျှာကို ခုနစ်ကြိမ် အလှည့်အပြောင်း လုပ်ပါ။

(ဖရန့်ဒီဇူဇာ)

* သင့်ဘဝခရီးလျှောက်လှမ်းရာမှာ သင့်ပါးစပ်ပိတ်ထားဖို့ အခွင့်အရေးများကို ကြုံတွေ့ပါလိမ့်မယ်။ အဲဒီအခွင့်အရေး အားလုံးကို ရယူပါ။

(ဂျိမ်းဒင့်)

* စကားပြောခြင်းသည် ငွေ၊ နှုတ်ဆိတ်ခြင်းသည် ရွှေ။ နှုတ်ဆိတ်ခြင်းသည် သဘောတူညီမှု လက္ခဏာ။

(ဖရန့်ဒီဇူဇာ)



* စကားလုံးများဟာ သစ်ရွက်များနဲ့ တူပါတယ်။ သစ်ရွက်တွေ အများကြီး အုံ့ဆိုင်းနေတဲ့ နေရာအောက်မှာရှိတဲ့ သစ်သီး များကို မြင်ရခက်ပါတယ်။

(အလက်ဇန္ဒားပုပ် ၁၆၈၈၊ ၁၇၄၄)

* အရက်အမြဲတမ်းသောက်သူဟာ အရသာကို ဘယ်တော့မှ မြည်းစမ်းမနေဘူး။ စကားအမြဲတမ်းပြောသူဟာလည်း ဘယ် တော့မှ မစဉ်းစားဘူး။

(မက်သယူးပရိုင်ယာ)

* စကားကို မှန်ကန်စွာ အသုံးပြုခြင်းမည်သည်မှာ ကျွန်ုပ်တို့၏ အလိုဆန္ဒများကို အလွန်အမင်း ဖော်ထုတ်ခြင်းလည်းမဟုတ်။ အလွန်အမင်း ဖုံးကွယ်ခြင်းလည်း မဟုတ်ပါ။

(ဂိုးလ်စမစ်)

* စကားပြောစရာ အနည်းဆုံးရှိတဲ့ လူတွေဟာ စကားအများ ဆုံး ပြောတာကို မှတ်သားမိပါတယ်။

(မက်သယူးပရိုင်ယာ၊ ၁၆၆၄–၁၇၂၁)

* စကားကြောရှည်လွန်းရင် အာဝဇ္ဇန်းကောင်းသော်လည်း နားပူဝန်ပိလာပါတယ်။

(ဖရန့်ဒီဇူဇာ)

* လျှာအားလုံးဟာ တစ်မျိုးတည်းသော အသားဖြင့် ပြုလုပ်ထားခြင်း မဟုတ်ပါ။

(ဖရန့်ဒီဗူစာ)

* ကြွားဝေးခြင်းထက် နှုတ်ဆိတ်နေခြင်းက ပို၍ ဝေးစေပါသည်။

(ဂျူးဇက်ဘာရီ)

* တစ်ခါတစ်ရံ သင်နှုတ်ပိတ်နေတာဟာ ပြောစရာ ဘာမှမရှိလို့ မဟုတ်ဘူး။ သင့်မှာ ပြောချင်တာတွေ များနေလို့ပါ။

(စပွတ်နစ်မဂ္ဂဇင်း)

* တိတ်ဆိတ်နေတဲ့နေရာ (၃)ခု ရှိပါတယ်။ ကျဆင်းနေတဲ့နှင်းများ၊ အရဏ်မတက်မီအချိန်နှင့် လူသေရဲ့ ပါးစပ်ပါပဲ။

(အဒယ်လိတ်ကရက်စီ ၁၈၇၈–၁၉၁၄)

* ဘယ်တော့မှ မေးမြန်းခြင်းမပြုတဲ့သူဟာ အလုံးစုံသိနေသူရင်လည်း ဖြစ်မယ်။ ဘာမှမသိသူရင်လည်း ဖြစ်မယ်။

(မယ်ကွန်အစ်ဖိုဘီ)

* ဘာသာစကားသည် လောကတစ်ခုဖြစ်ပြီး ယင်း၏အဖိုးတန်ရတနာမှာ စကားလုံးဖြစ်တယ်။

(ဒေးဗစ်ကူဂူတိနော့)

ရုရှားကဗျာဆရာ



* တိရစ္ဆာန်နှင့် လူသားအကြားမှာ ဘာသာစကားဟာ၊ လုံးလုံးလျားလျား အတားအဆီးဖြစ်တယ်။

(ချားလ်ရောဘတ်ဒါဝင်)

* စကားလုံးအားလုံးဟာ အတွေးအခေါ်များ ချိတ်ဆွဲရန်များဖြစ်တယ်။

(ဟင်နရီဝပ်–ဘီချား)

* ဘာသာစကား အရေးကြီးပုံ၊ ထိရောက်ပုံမှာ ထင်ရှားလှပါပေတယ်။ ဘာသာစကား၏ သဘာဝနှင့် ပတ်သက်၍ အခြားကောက်ချက်များကို တွေ့နိုင်ပါသေးတယ်။

(ချားလ်ရောဘတ်ဒါဝင်)

* ဝတ်စားဆင်ယင်မှုလိုပဲ စကားလုံးများမှာလည်း အလားတူစည်းမျဉ်းရှိပါတယ်။

(အလက်ဇန္ဒားပုပ်)

* ပေါကြောင်ကြောင်စကားတွေ ပြောသူထက် အာဝဇ္ဇန်းကောင်းတဲ့ လူပေါ်အဖြစ်က ပိုကောင်းပါတယ်။

(ရှိတ်စပီးယား)

* လူထုထဲမှာ စကားပြောကောင်းသူနည်းပါးရခြင်း အကြောင်းက တစ်ယောက်တည်း စဉ်းစားသူနည်းပါးလို့ပါပဲ။

(အီး–ဗွီ–လူးကပ်)

* လူထုနှင့် ဆက်ဆံရာမှာ အဓိကကျတဲ့ အရာကတော့ သူတို့နှင့် ရိုးရိုးရှင်းရှင်း၊ တိုတိုနှင့် လိုရင်းရောက်အောင် ဆက်ဆံဖို့အပြင် သူတို့နားလည်နိုင်တဲ့ စကားကို သုံးနှုန်းရပါတယ်။

(ဘရုစ်ဘာတန်)

* စကားပြောရာမှာ အာဝဇ္ဇန်းဟာ ဆားဖြစ်တယ်။ အစားအစာ မဟုတ်ပါဘူး။

(ဒဗလျူ-ဟတ်ဇလစ်)

* သူများအမှားအယွင်းကိုသာ ထပ်ကာတလဲလဲပြောနေရင် ကိုယ်အမှားပြောဖို့အချိန်ရှိမှာ မဟုတ်ဘူး။

(မီခေးကျီနင်)

* တစ်စုံတစ်ယောက်က သူ့ကိုယ်သူ ချီးမွမ်းခန်းဖွင့်တဲ့အခါမှာ အသံကျယ်လောင်လှပါတယ်။

(မာရီအိတ်ချ်-ဝေါဒရစ်)

* အတ္တသမားတွေရဲ့ ကောင်းကွက်တစ်ခုက သူတို့ဟာ တခြားပူတွေအကြောင်း မပြောခြင်းပါပဲ။

(လူစီအက်စ်-ဟာပါး)



* လူတစ်ယောက်က သူ့အကြောင်း၊ သူပြောတာကို ကျုပ်အမြဲနားထောင်ချင်ပါတယ်။ ဘာပြုလို့လဲဆိုတော့ ကောင်းတဲ့အကြောင်းကိုသာ ကြားရလို့ပါ။

(ဝီလ်ရော်ဂျာ)

* ရပ်တည်စရာ မြေတစ်ဖက်မှမရှိတဲ့ ကောလာဟလသတင်းဟာ တစ်နည်းနည်းနဲ့ ရောက်လာဦးမှာပဲ။

(ဂျွန်ကျူဒါ)

* ကောလာဟလထက် ပို၍ မြန်သောအရာမရှိ။

(လစ်ဗီ)

* ကောလာဟလဆိုတာ ထင်မိထင်ရာ၊ မှန်းဆချက်နဲ့ မနာလိုမှုနဲ့ မှုတ်တဲ့ပလွေပဲ ဖြစ်တယ်။

(ရှိတ်စပီးယား) (စတုတ္ထဟင်နရီ)

* ကောလာဟလဟာ တကယ့်ခရီးသည်ကြီး ဖြစ်ပါတယ်။

(ဖရန့်ဒီဇူဇာ)

* ပြောလိုက်တဲ့စကားနဲ့ ပစ်လိုက်တဲ့ ကျောက်ခဲကို ပြန်ယူလို့မရတော့ပါ။ ပြောလိုက်တဲ့စကားဟာ ပစ်လိုက်တဲ့ မြားပါပဲ။

(ကမ္ဘာ့စကားပုံ)

* ထမင်းမရှိရင် မီးငြိမ်းသွားပါတယ်။ စကားရောင်း၊ စကားဝယ်လုပ်သူမရှိရင်လည်း ရန်မီးငြိမ်းပါတယ်။

(ဘုရင်စောလမုန်) ၉၇၀-၉၃၂ ဘီစီ

* ဘုရားသခင်က ချစ်စဖွယ်ပင့်ကူအိမ်ရက်လုပ်ပါတယ်။ မိုးတိမ်များ၊ ကြယ်တာရာများနှင့် ငှက်မျိုးစုံများ ဒါပေမဲ့ စကားလုံးလောက်လှပတဲ့ အခြားအရာများကိုတော့ မဖန်တီးပါဘူး။

(အင်နာ အိတ်ချ် - ဘရန့်ချ်)

* သမ္မတပြောတဲ့စကားလုံးတိုင်းဟာ၊ အလေးချိန်တစ်တန်ရှိပါတယ်။

(ကယ်လ်ဗင်ကူးလစ်)

* စကားကိုယ်တိုင်ဟာ လူ့ယဉ်ကျေးမှုဖြစ်တယ်။ အချင်းချင်းအလွန်ပဋိပက္ခစကားလုံးများကတောင်မှ ဆက်သွယ်မှုကိုတော့ ဆောင်ကြဉ်းပေးပါတယ်။ အထီးကျန်ဖြစ်စေတာက နှုတ်ဆိတ်ခြင်းပါ။

(သောမတ်မန်း)

* တစ်စုံတစ်ရာကို သိလျှင် သိသည်ဟု ပြောဆိုဝံ့ခြင်းသည်လည်းကောင်း၊ မသိလျှင် မသိကြောင်း ပြောဆိုရဲခြင်းသည်လည်းကောင်း ဗဟုသုတပင်ဖြစ်၏။

[ကွန်ဖြူးရှပ်(စ်)]



* ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြောဆိုတတ်သည့် နှုတ်သည် ဓားသဖွယ် ပြင်းထန်စွာ ဒဏ်ရာရစေနိုင်၏။ ပညာရှိတို့၏ နှုတ်မှုကား ဒဏ်ရာဒဏ်ချက်များကို ပျောက်ကင်းစေနိုင်လေသည်။

မိမိနှုတ်ကို စောင့်သောသူသည် မိမိအသက်ကို စောင့်၍ အရမ်းမဲ့ပြောဆိုတတ်သောသူမူကား မိမိအသက်ကို ဆုံးစေတတ်၏။

(ရှောလမုန်မင်းကြီးသုတ္တန်စကား)

* လျှာဟူသည်မှာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ယဉ်ကျေးလာအောင် စွမ်းဆောင်နိုင်စွမ်းရှိသည်မဟုတ်။ တကယ်စင်စစ်တွင်မူ လျှာသည် စည်းကမ်းမဲ့စွာနှင့် အန္တရာယ်ဖြစ်စေတတ်သော အရာဝတ္ထုတစ်ခုမျှသာတည်း။

(ဂျိန်း)

* စကားလုံးများဟာ ကျွန်ုပ်တို့စိတ်ကူးများရဲ့ အမှတ်လက္ခဏာဖြစ်တယ်ဆိုတဲ့ အရှိအတိုင်း ယူမယ်ဆိုရင် ကမ္ဘာပေါ်မှာဖြစ်ပွားနေတဲ့ အငြင်းပွားမှုများ အလွန်နည်းသွားပါလိမ့်မယ်။

(လော့ခ်)

* နေ့စဉ်ဘဝမှာ ကြုံတွေ့ရတဲ့ အဆင်မပြေမှု ကိုးဆယ်ရာခိုင်နှုန်းဟာ အသံနေ အသံထားကြောင့် ဖြစ်ပေါ်လာကြတာပါ။

(အာနိုးဘန်းနက်)

* ရိုင်းတယ်ဟူသော စကားဖြင့် ထင်ပေါ်မှုကို ရရန်အတွက် လူတစ်ယောက်သည် အမြဲတမ်း မှန်ရာကို ပြောဖို့သာ လိုပါတယ်။

(ဗာဆီလီကလင်ယူချက်စကီး)

* မီးလောင်၍ဖြစ်သော အနာသည် ကျက်နိုင်၏။ နှုတ်လျှာ သင့်၍ ဖြစ်သော အနာကား မကျက်နိုင်။

(ထေရဂါထာလုဗာ)

– တမီလ်လူမျိုးစာဆိုတော်

* သစ္စာစကားက ဖိနပ်စီးနေတုန်းမှာ မုသားစကား ကမ္ဘာပတ် ခရီးလှည့်ပြီးပါပြီ။

(ဖရန့်ဒီဇူဇာ)

* စကားအရာသွက်လက်ခြင်းထက် အဓိပ္ပာယ်အမြော်အမြင် ပြည့်စုံစွာ ပြောဆိုနိုင်ခြင်းက သာလွန်၏။

(ဗေကွန်)

* စကားပြောခြင်းနှင့်တူသော အင်အားသည်မရှိ။

(ဟင်နရီကလေး)

* တစ်စုံတစ်ရာကို စကားမပြောဆိုမီ အချက်(၃)ရပ်ကို ဦးစွာ ဆင်ခြင်ရာ၏။ ထို(၃)ရပ်မှာ အမှုအရာ၊ နေရာဒေသနှင့် အချိန်ကာလတို့ ဖြစ်သည်။

(ဆောက်သီ)



* အကျိုးမရှိတဲ့ စကားပြောခြင်းဟာ မသိသား ဆိုးဝါးလှတယ်။

(ဆိုဖိုကဲလ်စ်)

* အလုပ်နှင့် ပြောစကား ညီစေ၊ ပြောစကားနှင့် အလုပ်လည်း ညီစေ။

(ရှိတ်စပီးယား)

* အမှန်တရားကို ပြောသည်ဆိုသော စကားသည် ပြောသူတစ်ယောက်နှင့် နားထောင်သူတစ်ယောက်မှသာရှိသော လောကနှင့်သာ ဖြစ်ပေသည်။

(သောဲရိုး)

* စကားများများပြောသူသည် နည်းနည်းသာ တွေးတောသူများ ဖြစ်ကြပေသည်။

(ဒရိုင်ဒင်)

* အခြားသူတစ်ယောက်စကားပြောနေမဉ်တွင် ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးပြောဆိုခြင်းထက် ရိုင်းစိုင်းမှုမှာ မရှိတော့ပေ။

[လော့(ခ)]

* သမိုင်းအများဆုံးဟာ ကျက်သရေရှိရှိ အိုသွားတဲ့ အတင်းအဖျင်းစကားမျှသာ ဖြစ်တယ်။

(ဆစ်ဒနီ၊ ဂျေ၊ ဟဲရစ်)

* မုသားပြောခြင်းသည် အကျင့်ယုတ်များတွင် ကျက်သရေမရှိဆုံးဖြစ်၏။ ယင်းသည် ဘုရားရှင်အဆုံးအမကို မနာခံရုံသာမက သူရဲဘောနည်းခြင်းကိုလည်း ပြချေ၏။

(   )

* မုသားပြောတတ်သွားလျှင် ဖြစ်ပြီး ထိုအကျင့်ကို ဖျက်၍မရတော့ချေ။

(မွန်တိန်း–ပြင်သစ်)

* မုသားပြောခြင်းသည် သူရဲဘောနည်းခြင်းလက္ခဏာတစ်ရပ်ဖြစ်ပေသည်။

(အင်္ဂလိပ်စာဆို ဆပ်သန်း)

* တိတ်တိတ်နေပါ၊ ဒါမှမဟုတ်ရင်လည်း တိတ်တိတ်နေတာထက် ကောင်းတဲ့စကားကိုသာ ပြောပါ။

(ပိုင်သာဂိုးရပ်)

* သင့်တော်တဲ့စကားဆိုစရာမရှိလျှင်လည်း တိတ်တိတ်နေတာထက် ကောင်းတဲ့စကားကိုသာ ပြောပါ။

(ဂျော့ဟားဘတ်)

* သင်စကားပြောတဲ့အခါ စော်ကားတဲ့စကားပြောရင် သင်လည်းပဲ အဲဒီစကားမျိုး ကြားရမှာပဲ။

(ဂျော့ဟားဘတ်)



* သင်စကားပြောတဲ့အခါ စော်ကားတဲ့စကားပြောရင် သင်လည်းပဲ အဲဒီစကားမျိုးကြားရမှာပဲ။

(ပလူးတပ်(စ်))

* ပညာရှိသောသူသည် စကားမပြောမီ စဉ်းစား၏။ လူမိုက်တို့သာ စကားပြောဆိုပြီးမှ သူတို့ဘာပြောသည်ကို ပြန်၍စဉ်းစားတတ်ကြလေသည်။

(ဒီလိုင်း)

* ဆိတ်ဆိတ်နေခြင်းကား စကားပြောဆိုမှု၏ အကြီးကျယ်ဆုံးသော အတတ်ပညာတစ်ခုပေတည်း။

(ဟဲစလစ်)

## စကား ...စကား ...စကား

* လမ်းမကြီးပေါ်တွင် မည်သူကိုမဆို ချိုချိုသာသာ နှုတ်ခွန်းဆက်ပါ။

(လူရှေစကားပုံ)

* လူပေါ်ကြော့ဟာ တစ်နှစ်လုံး စကားပြောတယ်။ လူလိမ္မာကတော့ အချိန်အခွင့်အခါကို လိုက်ပြီး ပြောတတ်တယ်။

(ရှမ်းစကားပုံ)

* လူပြောမသန်၊ လူသန်မပြော။

(မြန်မာစကားပုံ)

* လက်ကြောင့်ကြေ၊ နှုတ်ကြောင့်သေ။

(မြန်မာစကားပုံ)



* ခွေးမအိပ်မီ သုံးကြိမ်လှည့်ပတ်၊
ကြက်မတွန်မီ တောင်ပံ သုံးကြိမ်ခတ်
ထို့တူ
လူဟာ စကားပြောမယ်ဆိုရင် ဦးစွာ ဆင်ခြင်ပြီးမှ ပြောပါ။

(ကရင်စကားပုံ)

* ဘောဓွော ... မိတ်ဆွေအပေါင်းတို့
ကထံ ... စကားကို
ဘာသိတုံ ... ထင်တိုင်၊ မြင်တိုင်း ပြောဆိုခြင်းငှာ
ဝေါ ... သင်တို့၏
ဩဠ္ဌ ... နှုတ်ခမ်းကို
ဗဟုကွတ္တုံ ... အကြိမ်ပေါင်းများစွာ
မာစာလေထ ... မာစာလေယာထ မလှုပ်ရှားပါစေကုန်လင့်။

(နီတိမာလာကျမ်း)

– လယ်တီပဏ္ဍိတဦးမောင်ကြီး (မဟာဝိဇ္ဇာ)

* ဆိုရေးရှိက ဆိုအပ်စွတည့်၊ ဆိုစပါးလျား၊ ထားပချေမိငါ့ဝန်ရှိ။

(ရှင်မဟာရဋ္ဌသာရ)

* စကားကျွံနုတ်ရခက်၊ ခြေထောက်ကျွံ ဒူးခေါင်းပြတ်။

(မွန်စကားပုံ)

* ပြောလိုက်တဲ့စကားနဲ့ ပစ်လိုက်တဲ့ ကျောက်ခဲကို ပြန်ယူလို့မရ။ ပြောလိုက်တဲ့စကားဟာ ပစ်လိုက်တဲ့ မြားပဲ။

(ကမ္ဘောဇစကားပုံ)

* ဆိုခဲစေ မြဲစေ။

(မြန်မာစကားပုံ)

* ပြောပြီးသောစကားနှင့် ဖိတ်ပြီးသောရေကို ပြန်၍ မကျုံးနိုင်တော့ပါ။

(လူရှေစကားပုံ)

* ကြမ်းကျွံကနုတ်ရ၊ စကားကျွံက နုတ်မရ။

(ရခိုင်စကားပုံ)

* စကားကျွံလျှင် ဒုက္ခတွေ့တတ်။

(ချင်းစကားပုံ)

* စကားနောက် တရားပါ။

(မြန်မာစကားပုံ)

* ခြေချော်ဖင်ထိုင်ကျ၊ စကားမှားက ခြေချော်သည်ထက် အကျနာသေး။

(ကရင်စကားပုံ)



* ကြက်လွတ်လျှင် နေသာသည်၊ စကားလွတ်လျှင် မည်သို့မှ မတတ်နိုင်။

(ဂျိန်းဖော့စကားပုံ)

* တွင်းဆိုးကျွံလျှင် နုတ်ရသည်၊ စကားကျွံသော် နုတ်မရ။

(မနုတောင်ရိုးစကားပုံ)

* အသွားချော်လျှင် တစ်ချက်၊ စကားချော်လျှင် တစ်သက်။

(မြန်မာစကားပုံ)

* တောဘယ်လောက်ကြီးကြီး ဖြတ်ကျော်နိုင်ပါတယ်။ မြစ်ဘယ်လောက်ကျယ်ကျယ် ဖြတ်ကူးနိုင်ပါတယ်။ တရားသူကြီးစကားကို တစ်ဆံချည်မျှ မလွန်ဆန်နိုင်ပါဘူး။

(ကရင်စကားပုံ)

* စကားမှန်လျှင်၊ ရွှေထက် အဖိုးတန်တယ်။

(ပအိုင်းစကားပုံ)

* စကားကောင်းတစ်ခွန်းက ရွှေတန်တယ်။

(ဂျိန်းဖောစကားပုံ)

* နှုတ်ကောင်းတော့ ပြည်စိုး။

(မြန်မာစကားပုံ)

* မင်းတို့စကား၊ မိုးကြိုးသွား။

(မြန်မာစကားပုံ)

* နှုတ်ချို လျှိုတစ်ပါး။ နှုတ်ကောင်းလျှင် ပြည်စိုး။

(မြန်မာစကားပုံ)

* ချိုသောစကားသည် နွားနောက်တန်၏။

(လူရှေ့စကားပုံ)

* ခွေးကောင်းက လူကိုမဟောင်၊ လူကောင်းက သူတစ်ပါးအား မကဲ့ရဲ့။

(မရှူစကားပုံ)

* ကြံချောင်းငယ်လျှင် မချို၊ ဆင်းရဲသားစကား အဖိုးမတန်။

(ရှမ်းစကားပုံ)

* စကားရမ်းကား၊ တမာသို့ခါး၊ ပိန်းသို့ယား။
* စကားတင်စီး၊ အီးလေတင်ပေါက်။
* စကား၊ စကား ပြောပါများ စကားထဲက ဇာတိပြ။
* စကားဆို တောင်လိုမမောက်နဲ့။
* တံတားအို မှောင်ခိုမလျှောက်နဲ့။
* စကားများတဲ့ မင်းဆရာ၊ ဆိတ်ချေးတစ်ပြည်ကုန်ရော။
* အမိယုတ် သားစကားကြမ်း။

(မြန်မာစကားပုံများ)

* ချစ်ခင်လျှင် သတိပေးစကား။
မုန်းလျှင် မလိုမုန်းထားစကား။

(ပလောင်စကားပုံ)



* ကြမ်းတမ်းသောစကားကြောင့် နွားနောက်လျော့ရတယ်။
နူးညံ့သောစကားကြောင့် နွားနောက်ကြွေးကြေနိုင်တယ်။

(ကရင်စကားပုံ)

* ဝစီဘေဒထိတိုင်းရှ။

(မြန်မာဘာသာရေးစကားပုံ)

* ပြည်ရေးပြည်ရာ စကားနားထောင်လျှင် စိတ်မကောင်း၊
ချစ်သူရည်းစားစကား နားထောင်လျှင် စိတ်ကောင်းတယ်။

(ရှမ်းစကားပုံ)

* အပေါ့အလေးသွားလျှင် ကွယ်၍သွားရပါတယ်။
စကားကိုကား ကွယ်၍ ပြောလည်းမရပါ။

(ကရင်စကားပုံ)

* ပါးစပ်က (ယိုင်းဆီ) စအိုဝလိုပါပဲ။

(ပလောင်စကားပုံ)

* ပညာရှိက နားသောတ ပျော့ပျောင်းတယ်။

(မွန်စကားပုံ)

* ပါးစပ်က နှာခေါင်းထက် မရှည်နှင့်။

(မွန်စကားပုံ)

* ဝါးကျည်တောက်ပေါက်ဟောင်းမှ ရေအေးသလို၊
ချစ်သူဟောင်း၏ စကားသည် ချိုသာတယ်။
(ကရင်စကားပုံ)

* ကျိန်ဆဲခြင်းက မိမိရဲ့ ဆိုးခြင်းကိုသာ ပြတယ်။
(ပလောင်စကားပုံ)

* နေ့ပြော နောက်ကြည့်၊ ညပြော အောက်ကြည့်။
(မြန်မာစကားပုံ)

* ပါးစပ်က စားသော်လည်း ပါးစပ်ကမနာ ဝမ်းဗိုက်ကနာ။
(ပလောင်စကားပုံ)

* စကားအရမ်းပြောလျှင် လျှော်ရတတ်တယ်၊
လှံကို အရမ်းပစ်လျှင် ခွေးထိတတ်တယ်။
(ကယားစကားပုံ)

* အရိုးသင်သည်မှာ သွား၊ စကားသင်သည်မှာ နှား။
(အဓိံးစကားပုံ)

* သက်ကြီးစကားကို မလွန်ဆန်သင့်၊ အရိုးရင့်ရင့်ကိုလည်း မခုတ်သင့်။
(လရှိစကားပုံ)

* ရေအိုင်သာယာလျှင် ငါးများတယ်။ အပြောသာလျှင်



မိတ်ဆွေများတယ်။ (ကရင်စကားပုံ)

* စကားဟောင်းပြန်ပြောလျှင် ရန်ဖြစ်ရတယ်။
တောင်ယာအဟောင်း ပြန်လုပ်လျှင် ပေါင်းထူတယ်။
(မရူစကားပုံ)

* တောဝက်ရဲလျှင်၊ ဝါးချွန်နှင့်တွေ့။
စကားပြောရဲလျှင် တရားရုံးနှင့် ရင်ဆိုင်ရ။
(ကရင်စကားပုံ)

* ကြွက်စပါးစားသလို စကားပြောသံမြည်တယ်။
(ပလောင်စကားပုံ)

* ကလေးစကားပြောလျှင် ချော့ရတယ်၊ ဝါးခုတ်လျှင် လက်နဲ့ ဆွဲရတယ်။
(ကယားစကားပုံ)

* ခွေးကောင်းသည် လူကိုမဟောင်၊ လူကောင်းသည် သူ တစ်ပါးအား မကဲ့ရဲ့။
(မရူးစကားပုံ)

* ပါးစပ်က တဖွဖွပြောသော်လည်း
လက်သေနေသဖြင့် မလုပ်နိုင်။
(ကချင်ဂျိန်းဖောစကားပုံ)

* မှန်တဲ့စကားပြောလျှင် နားထောင်ရခက်တယ်။
ပြောင်တဲ့သစ်ပင်ကလည်း အတက်ရခက်တယ်။
(ပအိုဝ်းစကားပုံ)

* တစ်ခါပြောလျှင် အတည်မှတ်၊ နောက်တစ်ခါပြောလျှင်
သာ၍တည်သည်။
(ကရင်စကားပုံ)

* နောက်ချေးက မြေကို ပုပ်ဆွေးစေ၍ စကားပြောလျှင် သူ
တစ်ပါးစိတ်ကို မပုပ်သိုးစေနှင့်။
(ပလောင်စကားပုံ)

* စကားရိုးရိုးပြောလျှင် ပြီးလွယ်တယ်။
ရေလွှတ်တဲ့အခါ မြောင်းသွယ်တဲ့အခါ ဖြောင့်ဖြောင့်သွယ်
လျှင် အရောက်မြန်တယ်။
(ကယားစကားပုံ)

* ရေကူးက ကမ်းရောက်သည်အထိကူး။
နားထောင်က နည်းရတဲ့အထိ နားထောင်။
(မွန်စကားပုံ)

* မေမေ့စကားနားမထောင်လျှင် ရှက်ရတယ်။
ဖေဖေ့စကားနားမထောင်လျှင် ကြောက်ရတယ်။
(ပလောင်စကားပုံ)

## ကချင်စကား။ စကားပုံနှုတ်မှုနှုတ်ရာ

၁။ တောက်တဲ့စကားကြောင့်ပျက်။
၂။ နောင်တ စကားနောက်မှလာ။
၃။ ပြောစကားနားထောင် အမဲတုံးရ။
၄။ မိန်းမစကားအပြစ်၊ ယောကျာ်းစကားအကျိုး။
၅။ ပြောတတ်လွန်းလျှင် ကြက်ပေါင်မစားရ။
၆။ လူ့စကားဟာ နတ်စကားဖြစ်တယ်။
၇။ သူ့စကားနားထောင် ကျွန်ဖြစ်။
၈။ ယောကျာ်းစကား တစ်ခွန်းသာပြောတယ်။
၉။ အပြောများစကားများ ထုဖန်များမောင်းပေါက်။
၁၀။ စကားဟာ ရွှေဖြစ်တယ်။
၁၁။ စကားဖြင့် အလေးချိန်စီးစေတယ်။
၁၂။ အပြောများ ထမင်းပျော့။

၁၃။ စကားလွန်ခြင်းမသိ။ မီးလွန်ခြင်းသာသိ။

၁၄။ စကားကို နားဖြင့် အသားကို သွားဖြင့် စစ်ပါ။

၁၅။ စကားသည်လေ။ မေလိခသည် မြောက်မှတောင် စီးတယ်။

၁၆။ အကြီးအကဲစကား အလကားမဖြစ်။

၁၇။ သူစိမ်းစကားချိုသာ၊ မိတ်ဆွေစကားကြမ်း။

၁၈။ အရေးကြုံမှ ပလွေလျှာခင်ကြိုး။

၁၉။ စကားလွန်အပြစ်၊ ဆာလွန်မစားရ။

* ဘာဏု = ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည်
ပစ္ဆိမေ = အနောက်မျက်နှာ၌။ ဥဒေတိ = တက်ရာ၏။
မေရုရာဇာပိ = မြင်းမိုရ်တောင်မင်းသည်လည်း
နမတိ = ညွတ်ရာ၏။
ယဒိ = အကယ်မလွဲ
နရဂ္ဂိ = ငရဲမီးသည်
သီတလံ = ချမ်းမြေ့ရာ၏
ပဗ္ဗတဂ္ဂေ = တောင်ထိပ်၌လည်း
ဥပ္ပလံ = ကြာသည်
ဝိကသေ = ပွင့်ရာ၏
သာဓုဝါစာ = သူတော်ကောင်းတို့၏ (စကား) သည်



ကုဒါစနံ = တရံတဆစ်မျှ
နဝိပရိတံ = မဖောက်ပြန်ရာ။ (လောကနီတိ ၄၉)

* မာတာဟီနဿ = အမိယုတ်သောသူအား
ဒုဗ္ဘာသာ = မကောင်းသော (စကား) ရှိသည်။
ဟောတိ = ဖြစ်၏။
ပိတာဟီနဿ = အဖယုတ်သောသူအား
ဒုက္ကိရိယာ = မကောင်းသော အမူအကျင့်ရှိသည်
ဟောတိ = ဖြစ်၏။
ဥဘောမာတာပိတာဟီနာ = မိဘနှစ်ပါးစုံ ယုတ်မူကား
ဒုဗ္ဘာသာစ = မကောင်းသော(စကား) ရှိသည်လည်း
ဟောတိ = ဖြစ်၏။
ဒုက္ကိရိယာစ = မကောင်းသော အမူအကျင့်ရှိသည်လည်း
ဟောတိ = ဖြစ်၏။ (လောကနီတိ၊ ပုဒ်ရေ-၅၂)

* ပရောက္ခေ = မျက်ကွယ်၌
ဂုဏဟန္တာရံ = ကျေးဇူးကိုချေတတ်သော
ပစ္စက္ခေ = မျက်မှောက်၌
ပိယဝါဒိနံ = ချစ်ဖွယ်သော(စကား) ကိုတတ်သော
တာဒိသံ = ထိုသို့သဘောရှိသော
မိတ္တံ = အဆွေခင်ပွန်းကို

ဝိသကုမ္ဘေ = အဆိပ်ဆိုး၌
မဓုံ = ပျားကို
ဝဒ္ဓေယျယထာ = ကြဉ်ရာသကဲ့သို့
ဝဒ္ဓေယျ = ကြဉ်ရာ၏။(လောကနီတိ၊ ပုဒ်ရေ-၈၀)

* လောကေ = လောက၌
ဇလပ္ပမာဏံ = ရေတိမ်ရေနက်ကိုကား
ကုမုဒမာလံ = ကုမုဒြာကြာကို မြင်သဖြင့် သိအပ်၏။
ကုလပ္ပမာဏံ = အမျိုးယုတ်မြတ်ကိုကား
ဝိနယောပမာဏံ = ကိုယ်အမူအရာ၊ နှုတ်အမူအရာအား ဖြင့် သိအပ်၏။
ဗျတ္တတိပ္ပမာဏံ = ပညာရှိမရှိကိုကား
ကထိတဝါကျံ= ဆိုသော(စကား)ဖြင့် သိအပ်၏။
ပဆဝီပမာဏံ = မြေကောင်းမကောင်းကိုကား
တိဏမိလာတံ = မြက်ညှိုးမညှိုးကို မြင်သဖြင့် သိအပ် ၏။

(လောကနီတိ-၁၄)

* လောကေ = လောက၌
ပဏ္ဍိတော = ပညာရှိသည်
အပုဋ္ဌော = သူမမေးမူကား
ဘေရီ = စည်ကြီးသဖွယ်



ဟောတိ = ဖြစ်၏။
ပုစ္ဆိတော = သူတည်းမေးမူကား
ပဇ္ဇုန္နော = မိုးကြီးသဖွယ်
ဟောတိ = ဖြစ်၏။
ဗာလော = သူမိုက်သည်
ပုဋ္ဌောပိ = မေးသော်လည်းကောင်း
အပုဋ္ဌောပိ = မမေးသော်လည်းကောင်း
သဒါ = အခါခပ်သိမ်း
ဗဟုမ္ပိ = များစွာလည်း
ဘဏတေဘဏတေဝ = ပြောဟောတတ်သည်သာလျှင်က တည်း။

(လောကနီတိ -၁၂)

* သူရော = ရဲရင့်သောသူသည်
သတ္ထံ = လက်နက်ကို
ဝိနာ = ကင်း၍
သင်္ဂါမဘူမိယံ= စစ်မြေအရပ်သို့
နဂစ္ဆေယျ = မသွားရာ။
တထာ = ထို့အတူ
ပဏ္ဍိတော = ပညာရှိသည်
သတ္ထံ = ကျမ်းဂန်ကို
ဝိနာ = ကင်း၍

နဘာသေယျ = (စကား)မဆိုရာ။
(လောကနီတိ၊ ပုဒ်ရေ-၂၇)

* ဣသုကေ = ဖြူစင်ပြောင်းမြောင်းတတ်သော
မစ္ဆရီ = ဝန်တိုတတ်သော
သဌော = ကောက်ကျစ်စဉ်းလဲတတ်သော
နရော = လူကို
ဝက္ကဘဏပစ္စေန = သာယာချင်သော စကားကို ပြော
ဆိုတတ်ကာမျှဖြင့် လည်းကောင်း
ဝါဏ္ဏပေါက္ခရတာယဝါ = ကိုယ်အဆင်းလှသည်၏ အဖြစ်မျှ
ဖြင့် လည်းကောင်း၊
သာဓုရူပေါ = လူလှလိမ္မာပညာရှိသူတော်ကောင်း မည်
သည်
နဟောတိ = မဖြစ်ချေ။
(ရာဇသေဝကဒီပနီကျမ်း၊ စာ-၃၀၁)

* ကုမုဒ်ကယ် ရိုးရွေ
တိမ်နက်ရေကိုသိအောင်
ညွှန်းဘိတတ်ပေ။
မြက်နှင့်ရေ မြေကို သိကြောင်း၊
ချိုနွတ်ကယ် ဝါစာပြင်
ဉာဏ်ပညာ တိမ်နက်မှန်



ရမ်းလို့သိကောင်း။
စဥ့်ပါဆရာတော် (ဓမ္မနီတိချိုး-ပုဒ်ရင်း-၂၄၅)

* လောဘကြီးသူစကားပို
ဒေါသကြီးသူစကားတို
မောဟကြီးသူ စကားအို
ကောဓကြီးသူ စကားယို
မာနကြီးသူ စကားမို
(ညောင်ပင်သာဦးပုည)
-ဩဝါဒကထာ မေတ္တာစာ

* တံတားအို၊ မှောင်ခို မလျှောက်နှင့်
စကားဆို၊ တောင်လို မမောက်နှင့်
တံတားအို၊ မှောင်ခိုလျှောက်က ကျိုးတတ်သည်
စကားဆို၊ တောင်လိုမောက်က ငြိုးတတ်သည်။
(ညောင်ပင်သာ ဦးပုည)

* နေ့တိုင်းစား၍ မဝနိုင်သည်အစား
နေတိုင်းပြော၍ မတတ်နိုင်သည် စကား။
(မြန်မာစကားပုံ)

* သူယုတ်မာသည် ချစ်ဖွယ်သောစကားကိုလည်း ပြောဆိုတတ်
၏။ ဤကဲ့သို့ ချစ်ဖွယ်သောစကားကို ပြောဆိုတတ်ရုံမျှနှင့်

ယုံကြည်စွာ ချစ်ကျွမ်းဝင်စရာ အကြောင်းမဟုတ်ချေ။ ထိုသူ၏ လျှာဖျား၌ ပျားရည်သည် တည်၏။ စင်စစ်သော်ကား ထိုသူ၏ နှလုံး၌ လတ်တလော သေစေတတ်သော အဆိပ်သည် တည်၏။

(စာဏက္ကနီတိ၊ ပုဒ်ရင်း-၂၄)

* ထင်တိုင်းလည်း နှိပ်၍ မဆိုနှင့်
ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်
ထင်တိုင်းနှိပ်၍ ဆိုက ရန်အသွယ်သွယ်ပွားတတ်သည်။
ဝင်တိုင်းသိပ်၍ မျိုက အန္တရာယ်များတတ်သည်။

(ဖိုးသူတော်ဦးနု)

* စကားနှင့်အစား၊ သည်နှစ်ပါးမှာ
အစားမညီသော်၊ တရုတ်ရုတ်
စကားမညီသော်၊ အရှုပ်ရှုပ်
ချည်ရှုပ်နွယ်ရှုပ်ကို သုတ်သင်နိုင်သူများ၏
စကားရှုပ်ကို သုတ်သင်နိုင်သူသာ ရှား၏။

(လုံးတော်ဆရာတော်ဘုရားကြီး)

* မိစ္ဆာလွှမ်းထား၊ သူမိုက်အားမူ
စကားသာကြည်၊ အလည်အရိုက်
အလိုလိုက်က၊ စိတ်ကြိုက်ရာရာ
ကိုယ့်လိုပါ၏။

(ဩဝါဒထုံးဖွဲ့၊ ပုဒ်ရင်း-၃၂)



* တရားမကြိုက်၊ လျှာဒုစရိုက်နှင့်
လူမိုက်တစ်သောင်း၊ ချီးမွမ်းရှောင်းလည်း
သူကောင်းတစ်ယောက်၊ ပြစ်တင်ကြောက်လော့

(မဃဒေဝလင်္ကာသစ်၊ ပုဒ်ရင်း ၂၆၁)

* သိကြားမင်း၏ အဖြစ်သို့ ရောက်စေတတ်သော ကျင့်ဝတ်တရားကား (၇)ပါးရှိ၏။ (၇)ပါးဟူသော်ကား မိဘကိုလုပ်ကျွေး ခြင်း၊ အသက်ဂုဏ်သိက္ခာကြီးကုန်းသော သူတို့၌အရိုအသေပြုခြင်း၊ သိမ်မွေ့ပြေပြစ်သောစကားရှိခြင်း၊ မချောပစ်ခြင်း၊ ဝန်မတိုခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ အမျက်နည်းပါးခြင်း၊ အားဖြင့် ခုနစ်ပါး အပြားရှိ၏။

(ရာဇသေဝကဒီပနီကျမ်း၊ စာ-၁၈၆)

## ထေလုတာလုတာ၏ စကားနှင့် ပတ်သက်သော

၁။ ချိုသာသောစကားတို့သည် မေတ္တာစာတ်မှ စီးဆင်းလာ၏။ ထိုစကားတို့သည် လှည့်ပတ် ဖြားယောင်းခြင်းကင်း၍ ကောင်းမြတ်သောသူတို့၏ နှုတ်၌တည်ပေသည်။

၂။ ပြုံးရွှင်သော မျက်နှာဖြင့် ပြောအပ်သော ချိုသာသည့် စကားသည် ကြည်သာစွာ ပေးအပ်သော လက်ဆောင်ထက် သာလွန်၏။

၃။ ပြုံးရွှင်သော မျက်နှာထားဖြင့် ချိုသာစွာ ပြောအပ်သော နှလုံးသည်းပွတ်မှ ပွင့်လျှံလာသည့် စကားသည် ကောင်းမြတ်ခြင်း စစ်စစ်ပင် ဖြစ်သည်။

၄။ စိတ်နှလုံးကို ပြုံးရွှင်စေတတ်သောစကားကို ဆိုသူတို့၌ ဝမ်းနည်းခြင်း တိုး၍ ဆင်းရဲရသော ဒုက္ခသည် မကျရောက်နိုင်ပေ။



၅။ နှိမ့်ချသော စိတ်ထားနှင့် ချိုသာသော စကားတို့သည် လူတို့၏ အဆင်းတန်ဆာများ ဖြစ်သည်။ ထိုအရာမှ လွဲ၍ အခြား မဟုတ်နိုင်။

၆။ ကောင်းသောအကြံအစည်နှင့် ကောင်းသောစကားတို့ကို ဆိုသူ၌ အပြစ်တို့သည် လျော့ပါး၍ အကျိုးတို့သည် တိုးပွား၍ လာလိမ့်မည်။

၇။ ချိုသာ ကြင်နာသော စကားသည် ဤဘဝ၌ မှန်ကန်ခြင်းကို ဖြစ်စေ၍ နောင်တမလွန်၌ ကုသိုလ်အကျိုးပေး ထွန်းကားစေ၏။

၈။ ချိုသာသောစကားသည် ကိုယ်ကျိုး ရည်ရွယ်ချက်မပါသည့်အပြင် ဤဘဝ၌ လည်းကောင်း၊ နောင်တမလွန်၌ လည်းကောင်း ကြည်ရွှင်မှုကို ဖြစ်စေ၏။

၉။ ချိုသာသောစကား၏ ကြည်ရွှင်စေတတ်ခြင်းကို သိရှိသူသည် အဘယ်ကြောင့် ကြမ်းတမ်းသော စကားကို သုံးပါမည်နည်း။

၁၀။ သဘောကြိုက်ညီနိုင်သော အချိန်၌ သဘောမကြိုက်ညီဖွယ်သော စကားကို ဆိုခြင်းသည် မှည့်သောအသီးကို ရနိုင်ပါလျက် မမှည့်သောအသီးကို တမင်စားသုံးခြင်းနှင့် တူ၏တည်း။

၁၁။ အကြင်သူသည် တော်တည့်မှန်ကန်မှုအကြောင်းများကို မပြောဘဲလျက် ဒုစရိုက်မှုများတွင် ကျင်လည်၍ မနေစေကာမူလည်း ထိုသူအား "ဤသူကား ကုန်းမချောသူ

တည်း” ဟူ၍ အပြောခံရမှ ကောင်းမြတ်၏။

၁၂။ တစ်စုံတစ်ဦး၏ ရှေ့မှောက်၌ သူ့အား ပြုံးရွှင်စွာ ဆက်ဆံ၍ ကွယ်ရာတွင် သူ၏ ပျက်စီးရာပျက်စီးကြောင်းကို ပြောခြင်းမှာမူကား ဒုစရိုက်မှုတကာတွင် လည်းကောင်း၊ ကိုယ်ကျင့် ပျက်စီးခြင်းတို့တွင် လည်းကောင်း အကြီးဆုံး ဖြစ်၏။

၁၃။ လိမ်လည်လှည့်ဖြား၍ ကုန်းချောနေရခြင်းထက် သေရသည်က မြတ်၏။ အဘယ်ကြောင့်ဆိုသော် သေရခြင်းတွင် ဂုဏ်ရှိသေးသောကြောင့် ဖြစ်၏။

၁၄။ တစ်ပါးသူတို့၏ ရှေ့တည့်တည့်မှ မညှာမတာပြောတတ်စေကာမူလည်း ထိုသူ၏ နောက်ကွယ်တွင် အပြစ်ကို မဆင်မခြင်ဘဲ မပြောလေနှင့်။

၁၅။ တော်တည့်မှန်ကန်မှုများကိုသာ ဂုဏ်တင်၍ နှုတ်ကပြောနေတတ်၏။ အနှစ်မပါဘဲ ဗလာသဘောကို တစ်ပါးသူ၏ အကြောင်းအား ကွယ်ရာတွင် ပြောဆိုနေမှ သိရလိမ့်မည်။

၁၆။ သူတစ်ပါး၏ မကောင်းသတင်းကို လွှင့်နေသူအား ထိုသူ၏ ကိုယ့်ကျင့်တရားကိုလည်း စုံစမ်း၍ မကောင်းသတင်း အလွှင့် ခံရတတ်လေသည်။

၁၇။ ကုန်းစကားဆိုရ၍ ပျော်ရွှင်ရယ်မောနေသူတို့သည် မိတ်ဆွေဖွဲ့ ခြင်းအမှုကို မပြုတတ်ကြသောကြောင့် မကြာမီ မိတ်ဟောင်းများ၏ ဖယ်ကြဉ်ခြင်းကိုလည်း ခံရတတ်၏။

၁၈။ မိတ်ဆွေရင်းများ၏ အကြောင်းကို စကားတင်းဆိုမြဲဖြစ်



သော သူတို့သည် သူစိမ်းတစ်ရံဆံတို့အကြောင်းကိုမူကား အဘယ်သို့ ပြောပါလိမ့်မည်နည်း။

၁၉။ ဤကမ္ဘာကြီးသည် လူကောင်းများ၏ မကောင်းမှုဖြင့် မကောင်း စကားပြောတတ်သူတို့၏ အလေးချိန်ကိုပါ ထမ်းရွက်ထားရလေသည်။

၂၀။ လူတို့သည် အခြားသူအား အပြစ်မြင်တတ်ကြသကဲ့သို့ မိမိတို့အပြစ်ကို မြင်တတ်ပါက ကုန်းချောမှုဟူသော ဒုစရိုက်မျိုး ပေါ်ပေါက်ရန် ရှိပါသေးသလော။

၂၁။ အကြဉ်သူသည် တစ်ပါးသူတို့ မနှစ်သက်သောစကားဖျင်းတို့ကို ပြောခြင်းဖြင့် လူအားလုံး၏ ဝိုင်းပယ်ခြင်းကို ခံရတတ်၏။

၂၂။ လူအများ၏ ရှေ့၌ စကားဖျင်းကို ပြောဆိုခြင်းသည် မိတ်ဆွေများအား မညှာမတာပြုခြင်းထက် ဆိုးရွား၏။

၂၃။ အကြင်သူသည် စကားဖျင်းများစွာကို ပြောဆိုနေပါက ထိုသူ၌ ဂုဏ်သိက္ခာလိုအပ်နေကြောင်းကို အများက ဆိုကြလိမ့်မည်။

၂၄။ ပရိသတ် ဗိုလ်ပုံအလယ်၌ သိမ်ဖျင်းသောစကားတို့ကို ပြောဆိုသူသည် အကျိုးထူးမရသည့်အပြင် ကောင်းမှုဟူသမျှ မိမိထံမှ ရှောင်ရှားသွားလိမ့်မည် ဖြစ်၏။

၂၅။ ဂုဏ်သိက္ခာရှိပြီးဖြစ်သော ပုဂ္ဂိုလ်ပင်လျှင် သိမ်ဖျင်းသော စကားတို့ကို ပြောဆိုပါက ဂုဏ်အင်နိမ့်လျော့သွားတတ်၏။

၂၆။ သိမ်ဖျင်းသောစကားကို ပြောသူတို့အား လူဟု မခေါ်ပါနှင့်။ လူအနွှဟု ခေါ်ပါလေ။

၂၇။ အကြောင်းထူးခြားခြင်း မရှိသည့် စကားကို ပြောလိုက ပြောပါ့လော့။ ပညာရှိတို့မှုကား အကျိုးမပြီးသည့် စကားကို မပြောခြင်းက သင့်မြတ်ပေ၏။

၂၈။ ကြီးမားသောအကျိုးကို မြော်မြင်တတ်သော ပုဂ္ဂိုလ်တို့သည် အကျိုးမပြီးသည့် စကားကို မပြောကြပေ။

၂၉။ အပြစ်ကင်း၍ ပညာနှံ့နှံ့မှု မရှိသော ပညာရှိတို့သည် အကျိုးမရှိ သောစကားကို မေ့လျော့၍မျှ ဝင်မဆိုကြပေ။

၃၀။ စကားတစ်စုံတစ်ရာ ပြောရမည်ဆိုသော် အကျိုးရှိသည့် စကားကိုသာ ဆိုပါလေ။ အကျိုးမရှိသည့် စကားများကိုကား မပြောပါလင့်။

## နှုတ်ကမပြောခင် စိတ်ကပြောတယ်

စိတ်ကောင်းမှုတစ်ပါး လောကမှာ ဘာမိတ်ကောင်းမှ မရှိဘူး။ အဲဒါကြောင့် စိတ်ကောင်းကို ရင်ထဲမှာ ကိန်းစေရမယ်။

စိတ်ကောင်းကိန်းရင် နှုတ်ကလည်း စကားကောင်းတွေ ထွက်လာမယ်၊ စကားမှန်တွေ ထွက်လာမယ်။

စိတ်ဓာတ်ထွန်းတောက် ရင့်ကျက်တန်ခိုးထွက်မှ စိတ်ဓာတ် ကြွယ်ဝမှ လူကြွယ်ဝလာမယ်၊ စိတ်ဓာတ်ထက်သန်မှ လူသန်လာမယ်၊ စိတ်ဓာတ်မွဲရင် လူလည်းမွဲမယ်၊ စိတ်အားညှိုးရင် နှုတ်က စကားတွေလည်း ညှိုးနေတတ်တယ်။ စိတ်မပါရင် စကားပြောလို့ မကောင်းသလို စကားမှာ အသက်မဝင်ဘူး။

လောကမှာ လူတွေဟာ စိတ်မပါရင် စကားမပြောချင်ကြပါဘူး။

စကားဆိုတာကို မပြောမီ စကားပြောလိုတဲ့စိတ် ဖြစ်ပေါ်လာတယ်။

ပထမ စိတ်ကစတယ်။

နောက်မှ နှုတ်ကထွက်တယ်။

နှုတ်က အရင်ထွက်ပြီး စိတ်က နောက်က လိုက်တယ်ဆိုတာမျိုးက မဖြစ်နိုင်ဘူး။

စကားပြောလိုတဲ့စိတ်က…

စိတ္တဇဝါယောဓာတ်နဲ့…

(ဝစီဝိညတ်) ခေါ်တဲ့ ပြောစကားကို ဖြစ်ပေါ်လာတာပဲ။

စိတ္တဇဝါယောဓာတ်ရဲ့ နောက်မှာ ဝစီဝိညတ်က လိုက်ပါလာတာ ဖြစ်ပါတယ်။

စကားနဲ့ စိတ်ဟာ ဆက်စပ်နေပါတယ်။ စိတ်က အရင်ဖြစ်ပြီးတော့မှ စကားဖြစ်လာတယ်။

လူတစ်ယောက်မှာ မေတ္တာစိတ်ဝင်နေရင် မေတ္တာစကားပြောမှာပဲ၊ အချစ်ကိလေသာစိတ်ဝင်နေရင် အချစ်ကိလေသာစိတ်ပြောမှာပဲ၊ ဒေါသစိတ်ဖြစ်နေရင် ဒေါသစကား ဖြစ်လာတယ်၊ လောဘစိတ်ဖြစ်လာရင်လည်း လောဘစကား နှုတ်ကထွက်နိုင်လာတာပဲ။

အာရုံကျရာကို စိတ်ဖြစ်…

စိတ်ဖြစ်လာတော့ စကားဖြစ်…

အဲဒါကြောင့် အချို့ပညာရှိတွေက ပြောကြတာ ဖြစ်တယ်၊ စကားဟာ နှုတ်က ပြောတာမဟုတ်ဘူး၊ စိတ်က ပြောတာ ဖြစ်တယ်လို့ပါပဲ။

စကားပြောခြင်းဟာ မိမိရဲ့ စိတ်ထဲက ခံစားမှုတွေကို နှုတ် က တစ်ဆင့်နားထောင်သူရဲ့ နားကို ပေးပို့ခြင်း ဖြစ်တယ်။



စိတ်က လာတာမို့ ကိုယ်ပြောတဲ့ စကားကနေ ကိုယ်ရဲ့ ဂုဏ်ရည် အရည်အသွေးကို ပြတယ်။

လူဆိုတာ ကိုယ့်အကြောင်းကိုယ် ပြောချင်တယ်၊ ကိုယ်သိတာ တတ်တာကို သိပ်ပြောချင်တယ်၊ စိတ်မထိန်းနိုင်သူဆိုရင် စကားဝိုင်းမှာ မထိန်းမသိမ်းနိုင်ဘဲ စကားတွေ အတင်းဝင်လုပြောတတ်တယ်။

လောကမှာ သနားစရာနဲ့ ရှက်စရာ အမိုက်မဲဆုံးမှာ စိတ်ကို မထိန်းနိုင်ဘဲ မှားတာမှန်တာ မသိဘဲ စကားတွေ ဖွတ်တရွတ်ပြောခြင်း ဖြစ်တယ်။

အချို့ဆိုရင် လုံ့လဝီရိယကြောင့် ကြီးပွား၊ စီးပွားဖြစ်နိုင်ပါလျက် စကားပြော မချင့်ချိန်တတ်လို့ မကြီးပွား မတိုးတက်ကြဘူး။

စကားနည်းအောင် စိတ်ကို ထိန်းချုပ်ရမယ်၊ စကားဟာ ပြောစရာလိုမှ ပြောတာကောင်းတယ်။ စကားကို ပြောသင့်မှ ပြောတာကောင်းတယ်။

စိတ်အလိုလိုက်၊ စိတ်အကြိုက်ဆောင်ပြီး ပြောချင်ရာလျှောက်မပြောသင့်ဘူး။

ပြောချင်ရာကို မပြောခြင်းဟာ စိတ်ထိန်းချုပ်ခြင်းပဲ၊ သူတော်ကောင်းတွေဟာ စကားနည်းကြတယ်။ ယုတ်ညံ့တဲ့ စကားမထွက်မိအောင် စိတ်ကို ထိန်းချုပ်ထားကြပါတယ်။

စိတ်နဲ့ ရုပ်ဟာ ဆက်စပ်နေတယ်၊ စိတ်နဲ့ နှုတ်ကလည်း ဆက်စပ်နေတယ်၊ ရုပ်ပိုင်းနဲ့ စိတ်ပိုင်း ဆက်စပ်မှုတွေ အများကြီး

ပါပဲ။

အတင်းစကားတွေ ပြောလာခြင်းဟာ စိတ်မထိန်းနိုင်တော့လို့ပဲ၊ အတင်းစကားပြောလာခြင်းကို လက်ခံမိပါက မိမိအလိမ်ခံနေရပြီလို့ သတိပြုရမယ်၊ အဖျင်းစကားပြောလာရင်လည်း မိမိသိမ်ဖျင်းသူတွေနဲ့ ပေါင်းမိပြီလို့ သိရမှာ ဖြစ်တယ်။

အောက်တန်းကျသူတွေရဲ့ စိတ်ထားကို သိနိုင်တာက စကားနဲ့တင် သိနိုင်တယ်။ သိမ်ဖျင်းယုတ်ညံ့တဲ့ စကားတွေ နှုတ်က သိပ်ထွက်တာပဲ။

"စကား၊ စကားပြောပါများ၊ စကားထဲက ဇာတိပြ"လို့ ဆိုတယ်။

စကား၊ စကားပြောပါများ၊ စကားထဲက စိတ်ဓာတ်ပြလို့လည်း ဆိုနိုင်ပါကယ်။

လူတွေမှာ အချို့စကားတွေက နိမ့်ကျလျက် အချို့စကားတွေက မြင့်မြတ်နေကြတာဟာ သူတို့ရဲ့စိတ်အားသတ္တိအသိဉာဏ်ကြီးမားခြင်း၊ သေးသိမ်ခြင်းတို့အတိုင်းသာဖြစ်ပြီး ဘာမှ မဆန်းကျယ်ပါဘူး။

ပညာရှိတွေရဲ့ ရတနာက ဘာလဲ၊ သူတော်စင်တွေနဲ့ ပညာရှိတွေရဲ့ ရတနာကတော့ (ကိုယ်ရဲ့စိတ်ထားကို မယိမ်းမယိုင်သဘောနဲ့ ချိန်ခွင်ညှာညီသကဲ့သို့ ရှိစေခြင်းပါပဲ)။

စိတ်ကိုနိုင်မှ စကားကို နိုင်တယ်။ စိတ်ထားလှမှ စကားလှတယ်၊ စိတ်ထားပိုင်မှ ကတိပိုင်ပါတယ်။

စိတ်ထားခိုင်တဲ့ လူတွေမှာ စကားကို မပျက်ယွင်းနိုင်ပါဘူး။



ဘာဖြစ်လို့လည်း ဆိုတော့ အဲဒီလို ပျက်ယွင်းရင် ကျရောက်လာတဲ့ ဘေးဒုက္ခတွေကို သိထားလို့ပဲ ဖြစ်တော့တယ်။

လူတွေဟာ ကောင်းမြတ်တဲ့ စိတ်ထား၊ သဘောထား၊ ပြောဆိုပြုမူ လုပ်ကိုင်ခြင်းနဲ့ ကောင်းမြတ်တဲ့ ဥစ္စာ၊ ရတနာ လာဘ်သပကာတွေဟာ ရောက်လာရမြဲ ဖြစ်တယ်။

အဲဒီအချက်ကိုပဲ တရားစောင့်သောကြောင့် တရားက ပြန်စောင့်တယ်လို့ ဆိုတယ်။

အဘယ်အချက်ကိစ္စတွင် မဆို တစ်စုံတစ်ရာပြောဆိုပြုမူရာတွင် မှန်ကန်ခြင်း ရှိ မရှိ ဆိုတာထက်၊ တရားခြင်း ရှိမရှိ ဆိုတဲ့အချက်ကို ပိုမိုကျင့်သုံးအပ်ပါတယ်။

လူတစ်ယောက်ဟာ စိတ်ကို ပြင်မှ စကားကိုလည်း ပြင်ပြီးသားဖြစ်မှာ ဖြစ်တယ်။ စကားကို အရင်ပြင်ပြီးမှ စိတ်ကို ပြင်လို့ မရဘူး။ စိတ်ကို အရင်ပြင်ပြီးမှသာ စကားကို ပြင်လို့ရပါတယ်။ စိတ်ပြောင်းသွားတာတောင် အချို့စကားတွေ မပြောင်းတတ်ကြသေးဘူး။ နှုတ်အကျင့်ပါနေတော့ ပြောမြဲတိုင်းကို ပြောတတ်ပါတယ်။

မျိုးရိုးဂုဏ် ထွန်းပြောင်လိုသူတွေဟာ ကိုယ်ရဲ့စကားအပြောအဆို၊ အမူအကျင့်ကို အထူးပဲ ဂရုစိုက်ကြတယ်။

ကြာရိုးတွေဟာ ရေမြင့်တာနဲ့အမျှ မြင့်ပြီး ပေါက်ကြပါတယ်။ အဲဒီလိုပဲ လူရဲ့ မြင့်မားမှုဟာလည်း စိတ်ဓာတ်၊ လုပ်ကိုင်မှု၊ ပြီးတော့ ပြောတဲ့စကား။

## စိတ်နှင့်စကား

လူမှာ စကားနှင့် စိတ်ဟာ ဆက်စပ်နေပါတယ်။ ကင်းကွာနေတယ်ရယ်လို့ မရှိဘူး။

ဒေါသစိတ်ဝင်နေရင် ဒေါသစကားပြောတယ်။ နှုတ်ကို ထိန်းထားနိုင်ရင်တောင်မှ စိတ်က ဒေါသစကားပြောနေတယ်။

လောဘစိတ်ဝင်နေရင်လည်း လောဘစကားကို သွယ်ဝိုက်စည်းရုံးပြီး ပြောတာပဲ။

မေတ္တာစိတ်ဝင်နေရင်တော့ မေတ္တာစကားကို ငြိမ်းချမ်းစွာ ပြောတတ်ကြပါတယ်။

စကားဟာ နှုတ်ကလာတာ ဖြစ်ပေမယ့် လာတာက စိတ်က လာတာဖြစ်တယ်။

ဦးနှောက်ကနေ စိတ်ကနေ စကားဖြစ်ပေါ်လာခဲ့တယ်။

သူ့အလိုလို စကားမဖြစ်ဘူး။ စိတ်ကနေတစ်ဆင့် စကားဖြစ်လာတယ်။



ထမင်းစား ရေသောက် အလ္လာပသလ္လာပ စကားတွေကိုသာ လွယ်လွယ်ပြောဖြစ်ပေမယ့် ကျန်အရေးကြီးတဲ့စကားမှန်သမျှ ဦးနှောက်က တွေးခေါ်စဉ်းစားပြီးမှ ပြောကြတာ ဖြစ်တယ်။

စိတ်ထားကောင်းသူရဲ့ နှုတ်က စကားကောင်းတွေ ထွက်လာ တယ်။ ဉာဏ်ပညာအသိတရားကောင်းသူတွေရဲ့ နှုတ်က အတွေးအခေါ် စကားတွေ ထွက်လာကြတယ်။ လူတစ်ယောက်ရဲ့ ပြောစကားတွေကို နားထောင်ပါများရင် ထိုသူရဲ့ စိတ်ကိုပါ သိလာတတ်တယ်။

စိတ်ဆန္ဒက စကားမှာပေါ်လာတယ်။ ကြာကြာဖုံးကွယ်ထားလို့ မရဘူး။ စကားမှာ စိတ်ဆန္ဒဟာ တစ်နည်းမဟုတ်တစ်နည်းပေါ်လာတာပဲ။

စိတ်ဟာ စကား၊ စကားဟာ တစ်နည်းအားဖြင့် စိတ်ဖြစ်တယ်။

ရာဂစိတ်ကြီးသူရဲ့ စကားမှာ ရာဂအကြောင်း ပေါ်လာတတ်တယ်။ လောဘကြီးသူရဲ့ စကားမှာလည်း သူ့လောဘတွေ ပေါ်နေတတ်တယ်။

တရားပျော်မွေ့သူမှာလည်း တရားစကားတွေ သိသာစွာ နားထောင်ရတတ်တယ်။

စိတ်ထားမကောင်းသူဟာ ဟန်လုပ်ပြီး စကားကောင်းပြောပေမယ့် ခဏသာ ပြောလို့ရတယ်။ ပြောရင်းပေါ်တာပဲ၊ များများပြောလေ များများသိသာလေရယ်ပါ။

စိတ်မပါတော့ ကြာကြာမရဘူး၊ စိတ်မပါတဲ့အတွက် ဟန်ပဲရှိပြီး အနှစ်သာရမပါဘူး။ ဘယ်လောက်ဟန်ရေးပြပြောပြော ကြာရင် ရင်ထဲက သဘောထားပေါ်လာတတ်တော့တယ်။

နှုတ်တကယ်ကောင်းသူဟာ သိသာတယ်။ ဘာသိသာလဲဆိုတော့ အတွင်းစိတ်ကပါ တကယ်ကောင်းနေလို့ပဲ။

နှုတ်ထွက်ရဲတာဟာ နှုတ်မှာ စေတနာတွေပါနေလို့ဖြစ်တတ်တယ်။ စိတ်ထားကောင်းသူဟာ လွယ်လွယ်လည်း နှုတ်မထွက်ဘူး။ စိတ်ထားကောင်းတွေကြောင့် ပြောတဲ့စကားကို စဉ်းစားပြီးမှ ထွက်တတ်တယ်။

စိတ်မရှင်းသူမှာ ပြောတဲ့စကားလည်း မရှင်းဘူး။ စိတ်မရှင်းတဲ့အတွက် အကြောင်းအရာတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မချနိုင်ဘူး။ မပြတ်မသား ဇဝေဇဝါဖြစ်နေတတ်တယ်။

ဦးနှောက်မကောင်းသူ၊ စိတ်မနှံ့သူကိုကြည့်ရင် စကားနဲ့ စိတ် ဆက်စပ်နေကြောင်း ပိုသိသာတယ်။

စိတ်မမှန်ရင် စကားလည်း မမှန်ဘူး။ လူမှာ စိတ်ကောင်းရှိဖို့က ပထမဖြစ်တယ်။ စိတ်ကောင်းရှိရင် စကားကောင်းတွေပြောနိုင်တယ်။ စိတ်ထားကောင်းကနေ စကားကောင်းတွေ ပြောနိုင်တယ်။ စကားကောင်းတွေလည်း ရလာတော့တယ်။ စိတ်က အင်္ဂလိပ်ကို မကြိုက်ရင် အင်္ဂလိပ်စကား မထွက်ဘူး။ ကိုယ့်ရဲ့စိတ်မှာ ကိုယ်က အင်္ဂလိပ်တွေ လက်ခံကြိုက်နှစ်သက်နေ



ရင်တော့ နှုတ်က ပြောထွက်ဖို့လည်း ဝန်လေးမှာ မဟုတ်ဘူး။

လူမှာ စကား (၄)မျိုးကို ပြောတယ်။

၁။ အသိကိုပြောတယ်။

၂။ ပင်ကို ဗီဇကို ပြောတယ်။

၃။ ဝါသနာကို ပြောတယ်။

၄။ စိတ်ကို ပြောတတ်တယ်။

လူ့ရဲ့စိတ်က မေ့နေရင် ပြောဖို့စကားတွေကိုလည်း မေ့နေတတ်တယ်။ သတိမရရင် မပြောဖြစ်တော့ဘူး။ သတိရမှ ပြောလို့ရတယ်။

လူမှာ စိတ်က အဓိကဖြစ်ပြီး စကားဟာ စိတ်ရဲ့ အစေအပါးပါပဲ။ စကားနောက် တရားပါ။ စိတ်နောက် နှုတ်ပါ သဘောဖြစ်တယ်။

ဒါပေမဲ့ စကားက ဘာလို့ အရေးပါသလဲ။

စိတ်ကို ရုတ်တရက်ပြလို့ မရဘူး။ စိတ်ကပြလို့ မရတာတွေ အများကြီး ရှိတယ်။

စိတ်ကပြောတာ မကြားရဘဲ၊ နှုတ်ကပြောတာသာ လွယ်လွယ်ကူကူ ကြားရနိုင်တယ်။

ဆက်စပ်နေတဲ့ စိတ်နဲ့ စကားကြောင့် စိတ်မြန်သူဟာ နှုတ်ပါ မြန်တတ်ပြန်တယ်။ နှုတ်မြန်ခြင်းက မကောင်းဘူး။ အမှားတွေ ပြောမိတတ်တယ်။

မြန်မြန်စားတတ်ရင် ပါးစပ်ပူဟတ်ပြန်သလို၊ မြန်မြန်ပြော

တာက မှားတတ်ပြန်တယ်။

ပါးစပ်ကပြောတာဟာ လေပဲဖြစ်တယ်။ ဒါပေမဲ့ ခံရတဲ့လူ မသက်သာဘူး။ မသက်သာတာ ဘာကြောင့်လဲဆိုတော့ စိတ်က ခံစားရလို့ ဖြစ်တော့တယ်။

နားထောင်တဲ့နားနဲ့ စိတ်ဟာ ဆက်စပ်နေတယ်။

ဆက်စပ်နေတော့ ခံစားရတယ်။

လူတွေဟာ ယုံကြည်လွယ်စိတ် ရှိသလို၊ မယုံကြည်တဲ့ စိတ်ရှိတာကလည်း စကားနဲ့ စိတ် ဆက်စပ်နေလို့ပါ။

ပြောချင်တဲ့စကားတစ်ခုခုကိုရော၊ သတင်းတစ်ခုကိုရော မပြောဘဲ ချုပ်ထိန်းနိုင်ရင် စိတ်တန်ခိုးတက်တယ်။

လူတစ်ယောက်နဲ့တစ်ယောက် ချစ်စကားပြောကြားရာမှာ စိတ်ကပြောနေကြောင်း ပိုပြီး သိသာပါတယ်။ ချစ်စကားတွေဟာ အသည်းနှလုံးက လာတာမဟုတ်၊ စိတ်ကလာတာပါ။

**စကားဟာစိတ်**
**စိတ်ဟာစကားမို့**
**စိတ်ထားကောင်းမွေးဖို့**
**အရေးကြီးလှတယ်**
**စိတ်ထားကောင်းတွေကနေ**
**နှုတ်မှာ စကားကောင်းတွေ**
**ပေါ်ပေါက်ပြောဆိုလာမှာပဲ။**

စိတ်ကလာတဲ့စကားဟာ တန်ဖိုးကြီးလှပါတယ်။ စကား



ဟာ လူတစ်ယောက်ကို ကူညီနိုင်သလို ပျက်စီးသွားအောင်လည်း ပြုနိုင်စွမ်းတယ်။

**ချမ်းသာကို ပေးနိုင်၊ ရစေနိုင်တဲ့ စွမ်းအားရှိသလို**
**ဆင်းရဲဒုက္ခကို ပေးနိုင်၊ ရစေနိုင်တဲ့ စွမ်းအားလည်း ရှိပါတယ်။**

**မုန်းစေလို ပါးစပ်လက်လေးသစ်**
**ချစ်စေလို ပါးစပ်လက်လေးသစ်ပါပဲ။**

နှုတ်ကို ထိန်းသိမ်းဖို့ လိုသလို နှုတ်က စကားကောင်း၊ စကားမှန်တွေ ထွက်ရန်လည်း လိုပါတယ်။

မှန်ကန် သင့်မြတ် တည်ကြည်စွာ ပြောတတ်မှုဟာ လောကမှာ လူတော် လူကောင်းများရဲ့အလုပ် ဖြစ်ပါတယ်။

အားပေးစကား၊ ချိုသာကြင်နာတဲ့စကား၊ ကူညီတဲ့စကားတွေဟာ စိတ်ဓာတ် စိတ်မြတ်တွေရှိမှသာ ထွက်ပေါ်လာနိုင်ပါတယ်။

တစ်ကိုယ်ကောင်းသမားတွေဟာ ကိုယ်ချင်းစာနာတဲ့စိတ် မရှိတဲ့အတွက် ကြင်နာတဲ့ စကားကို မပြောတတ်ပါဘူး။

လူအများရဲ့ ချစ်ခင်မှု၊ အားကိုးမှု၊ လေးစားမှု လိုချင်ရင် မှန်ကန်ချိုသာတဲ့ စကားတွေ အမြဲပြောဆိုနိုင်ရမှာ ဖြစ်ပါတော့တယ်။

သုတေသီဘုန်းမြင့်သွေး

## ကျမ်းကိုး


၁။ စံကျောင်းဆရာတော် = အပရိနိယအဖွင့်

၂။ အရှင်စန္ဒာဝရ = ဆရာတော်ကြီးများ၏ဩဝါဒ

၃။ အရှင်ဇနာကာဘိဝံသ = နံနက်ခင်းဩဝါဒ

၄။ ပီမိုးနင်း = စကားပြောဟောနည်း

၅။ ဦးပဂျိုင် = ကြီးပွားချမ်းသာရေး

၆။ ညောင်ရမ်းဓေယျပဏ္ဍိတ = လောကသဘာဝ သဘောတရား ၁၊ ၂၊ ၃

၇။ ဆရာဦးမောင်ကြီး = စာဏာကျလမ်းညွှန် ဖတ်စာ

၈။ ဦးအောင်မျိုး = နှုတ်ချိုသျှိုတစ်ပါး

၉။ ဝင်းအောင် = လူ့စကားပြောနည်း

၁၀။ ဦးမင်းနိုင် = တိုင်းရင်းသားစကားပုံ

၁၁။ နန္ဒသိန်းဇံ = မှန်သောစကားဆိုခြင်းနှင့် ပတ်သက်သောမှတ်ချက်များ





၁၂။ ဦးမျိုးသန့် = တမိလ်နိတိမာလာ

၁၃။ ရတနာရွှေမြပုံနှိပ် = ရှေးပညာရှိတို့ ဆုံးမစကားများ

၁၄။ တက္ကသိုလ်လွမ်းဝေ = စာရတနာ

၁၅။ အောင်အေး (ရန်ကုန်တက္ကသိုလ်) = စကားပြောအတတ်ပညာ

၁၆။ မောင်မြင့်ကြည် (စာပေဗိမာန်) = အောင်မြင်သောစကား လက္ခဏာများ

၁၇။ ဦးရွှေမောင် = စကားသည် လောကကို စိုးမိုး၏။

၁၈။ သုတေသီဘုန်းမြင့်သွေး = စကားကောင်း စကားမွန်

၁၉။ သုတေသီဘုန်းမြင့်သွေး = စကားပြောတတ်မှ လောကနှင့် အဆင်ပြေ။

၂၀။ သုတေသီဘုန်းမြင့်သွေး = လူ့ဘဝအတွက် လိုအပ်သောလူ့စကား

၂၁။ အတွေးအမြင်မဂ္ဂဇင်းများ

၂၂။ တက်တိုး = ဆောင်းပါးအတွေ့တွေ့